ISSUE 04 APRIL 2024

# ARAKAN

Arakan Rohingya National Organisation (ARNO)



- ငြိမ်းချမ်းရေးသို့ လားရာလမ်းစဉ်များ။ ။ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာနှင့် ရခိုင်လူမှုအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတည်ဆောက်ရေး နှင့် ယှဉ်တွဲနေထိုင်မှုကိုမြှင့်တင်ခြင်း
- ရိုဟင်ဂျာလူမျိုးနှင့် FACEBOOK လူမှုကွန်ရက် : UPSIDE DOWN, INSIDE OUT
- စစ်ကောင်စီ၏ ရခိုင်ပြည်လူမျိုးရေးပဋိပက္ခဖန်တီးမှု အန္တရာယ်

# ဤစာစောင်တွင်

**ငြိမ်းချမ်းရေးသို့ လားရာလမ်းစဉ်များ။ ။ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာနှင့်ရခိုင်လူမှု အသိုင်းအဝိုင်းများအကြား ယှဉ်တွဲနေထိုင်မှုကို မြှင့်တင်ခြင်း** 02

**ရိုဟင်ဂျာလူမျိုးနှင့် Facebook လူမှုကွန်ရက် : Upside Down, Inside Out** 05

**ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအား အတင်းအဓမ္မ စစ်သားစုဆောင်းခြင်း** 07

**စစ်ကောင်စီ၏ ရခိုင်ပြည်လူမျိုးရေးပဋိပက္ခဖန်တီးမှု အန္တရာယ်** 08

**မင်းပြားမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုအတွင်း မွေးကင်းစ ကလေးငယ်များ အပါအဝင်၊ အနည်းဆုံး ရိုဟင်ဂျာ ၂၃ ဦးခန့်သေဆုံး** 12

**ရိုဟင်ဂျာများအား အတင်းအဓမ္မတပ်သားစုဆောင်းခြင်းများနှင့် အလိမ်ပေါ်အလိမ်ဆင့်ခြင်း** 13

**ARNO သတင်းထုတ်ပြန်ချက်များ ။။ ညီညွတ်ရေးအချိန်၊ စစ်တပ်နှင့် အကျိုးတူပူးပေါင်းသူတို့မှာ သမိုင်း၏ပြာပုံတွင်သာ ရှိသင့်တော့သည်** 16

**ARNA သတင်းထုတ်ပြန်ချက်။ ။ စစ်အာဏာရှင်ဆန့်ကျင်ရေးအတွက် ရိုဟင်ဂျာတို့၏ မယိုင်လဲသော ရပ်တည်ချက်** 18

**ARNA သတင်းထုတ်ပြန်ချက်။ ။ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏လွတ်လပ်ရေးနေ့အထိမ်းအမှတ်အတွက် ရိုဟင်ဂျာတို့၏သတင်းစကား** 20



# အယ်ဒီတာ့အာဘော်

## ငြိမ်းချမ်းရေးသို့ လားရာလမ်းစဉ်များ။ ။ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာနှင့်ရခိုင်လူမှု အသိုင်းအဝိုင်းများအကြား ယှဉ်တွဲနေထိုင်မှုကိုမြှင့်တင်ခြင်း

ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခဲ့သည်အချိန်ကာလများနှင့် ပဋိပက္ခများဖြစ်ပွားခဲ့သည်ကာလများ ပါရှိခဲ့သည့် မြန်မာနိုင်ငံရှိရိုဟင်ဂျာနှင့် ရခိုင်လူမှုအသိုင်းအဝိုင်များ၏ သမိုင်းကြောင်းသည် ထို အသိုင်းအဝိုင်း နှစ်ခုအကြား ရှုပ်ထွေးသည့် ဆက်ဆံရေးရှိသည်ကို ဖော်ပြပါသည်။ အစ္စလာမ် ဘာသာဝင်လူမျိုးစုတစုဖြစ်သည့် ရိုဟင်ဂျာများသည် ဗုဒ္ဓဘာသာဝင်ရခိုင်လူမျိုးများ အများဆုံး နေထိုင်ကြသည့် အာရကန်/ရခိုင်ပြည်နယ်တွင် အဓိကနေထိုင်ကြသည်။

သမိုင်းကြောင်းအရ အာရကန်သည် ရိုဟင်ဂျာအပါအဝင် မတူကွဲပြားသည့် လူမျိုးစုများ၏ နေရပ်ဖြစ်သည်။ ကိုလိုနီ၏ ပြိုကွဲစေခြင်းဖြင့် အုပ်ချုပ်ခြင်း divide and rule မူဝါဒတည်ရှိခဲ့သော်လည်း ဗြိတိသျှကိုလိုနီအုပ်ချုပ်သည့်ကာလတွင် ရိုဟင်ဂျာနှင့် ရခိုင်လူမျိုးများအကြား ငြိမ်းချမ်းသည့် ပက်သက်ဆက်နွယ်မှုများရှိခဲ့သည်။ သို့သော် ၁၉၄၈ လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံတွင် အစိုးရမှကျောထောက်နောက်ခံပြုထားသည့် ရန်လိုမှုများ၊ ခွဲခြားဆက်ဆံမှုများနှင့် ဖယ်ကျဉ်ထားခြင်းများကြောင့် မြင့်တက်လာခဲ့သည်။ထိုကာလတွင်ပင်လျှင် မြန်မာစစ်တပ်မှ ရို ဟင်ဂျာများအား နိုင်ငံသားဖြစ်ခွင့်မပေးခြင်း၊ လွတ်လပ်စွာရွေ့လျားသွားလာနိုင်ခွင့်၊ လွတ်လပ်စွာပညာသင်ယူနိုင်ခွင့်၊ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူနိုင်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများနှင့် လွတ်လပ်မှုများနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိတ်ပင်ထားခြင်းတို့လည်း ဖြစ်ခဲ့ပါသည်။

ရိုဟင်ဂျာအရေးအခင်းသည် ၂၀၁၇ ခုနှစ်တွင် လူမျိုးတုန်းသတ်ဖြတ်မှုအဖြစ်ပျံ့နှံ့လာခဲ့ပြီးနောက် နိုင်ငံတကာထံမှ ရှုတ်ချမှုများနှင့် တာဝန်ခံမှုအတွက်တောင်းဆိုမှုများပေါ်ထွက်လာခဲ့သည်။ နက်ရှိုင်းစွာ အမြစ်တွယ်နေသော တိုင်းရင်းသားရေးနှင့် ဘာသာရေး တင်းမာမှုများနှင့် မြန်မာနိုင်ငံ အစိုးရမှ ပဋိပက္ခ၏ အရင်းခံ အကြောင်းတရားများကို နိုင်ငံရေးအရဖြေရှင်းပေးရန်ပျက်ကွက်မှုများက ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်မှုတို့အား ဖြစ်ထွန်းစေနိုင်သည့် အားထုတ်မှုများအတွက် ရံဖန်ရံခါ စိန်ခေါ်မှုများ ဖြစ်နေပါသည်။

ယင်းအခက်အခဲများရှိသည်ဆိုသော်လည်း ရိုဟင်ဂျာနှင့်ရခိုင်လူမျိုးစုများကြားရှိပေါင်းစည်းညီညွတ်သည့် သာဓကများနှင့်တကွ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် နိုင်ငံတကာအစုအဖွဲ့ (stakeholders) တို့၏ နှစ်ဖက်အသိုက်အဝန်းအကြား တွေ့ဆုံဆွေးနွေးရေးနှင့် ပြန်လည်ရင်ကြားစေ့နိုင်ရန် တိုက်တွန်းမှုများစွာက အပေါင်းလက္ခဏာဆောင်သော ပြောင်းလဲခြင်းများအတွက် ဖြစ်နိုင်ခြေကို ဖော်ပြနေကြပါသည်။ သို့သော်ငြားလည်း ကြာရှည်တည့်တံ့သောငြိမ်းချမ်းရေးအတွက်မူ ခွဲခြားဆက်ဆံခံရခြင်း၊ မညီမျှခြင်းနှင့် အသိုက်အဝန်းမှ ဖယ်ထုတ်ချန်လှပ်ထားခြင်း စသည့်အခြေခံအခြေအနေများကို ဖော်ထုတ် ဖြေရှင်းနိုင်ဖို့ကလည်း လိုအပ်နေပါသေးသည်။

**အတူရှင်တွဲနေထိုင်နိုင်ခြင်းကိုပေါ်ထွန်းစေနိုင်သည့် အလားအလာရှိသော မဟာဗျူဟာနည်းလမ်းများမှာ -**

၁။ ပဋိပက္ခအရင်းခံအကြောင်းအရင်းများအား ဖော်ထုတ်ဖြေရှင်းခြင်း - ပဋိပက္ခကို ဦးတည်စေသော အရာများ conflictdrivers (ဥပမာ - ခွဲခြားဆက်ဆံမှုများ၊ လူမှုအသိုက်အဝန်းမှ ပစ်ပယ်ထားခံရမှုများနှင့် စီးပွားရေးတန်းတူမညီမျှမှုများ) ကိုကိုင်တွယ်ဖြေရှင်းခြင်းသည် အရေးကြီးသည်။ ထို့သို့ဖြေရှင်းနိုင်ရန်မှာ နှစ်ဖက်အပြန်အလှန် လေးစားမှု၊ အသိအမှတ်ပြုမှု၊ သမိုင်းတစ်လျှောက်ရှိ မတရားမှုများအား အသိအမှတ်ပြုနိုင်မှုတို့နှင့် နှစ်ဖက်အသိုက်အဝန်းလုံး၏ လူမှုစီးပွားရေးနှင့် နိုင်ငံရေးမကြေလည်မှုများကို ဖြေရှင်းနိုင်စေဖို့ အားလုံးပါဝင်နိုင်သည့် မူဝါဒများ ဖြစ်ထွန်းစေခြင်းတို့ လိုအပ်ပါသည်။

၂။ ပြန်လည်သင့်မြတ်ခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်း- ရပ်ကျေးအဆင့် တွေ့ဆုံဆွေးနွေးမှုများနှင့် ရင်ကြားစေ့ခြင်းများမှ မတူကွဲပြားသော တိုင်းရင်းသားလူမျိုးစုများနှင့် ဘာသာရေးအစုအဖွဲ့များအကြား ယုံကြည်မှုနှင့် နားလည်မှုများကို တည်ဆောက်နိုင်သည်။ တွေ့ဆုံဆွေးနွေးရေး ဖိုရမ်များ၊ လူမျိုးစုအစည်းအဝေးများနှင့် ဘာသာပေါင်းစုံတွေ့ဆုံဆွေးနွေးပွဲများများ အပြန်အလှန်ပြောဆိုနိုင်စေရေးအတွက် အထောက်အကူပြုပြီး၊ တင်းမာမှုများကို လျှော့ကျစေရေးအတွက် အင်မတန်အရေးပါသည်။

၃။ ဥပဒေကြောင်းနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးများ - တန်းတူညီမျှသော အခွင့်အုင်မရေးများနှင့် အကာကွယ်များမှာ တိုင်းရင်းသားလူမျိုးစုအားလုံးအတွက် အရေးပါသည့်အလျောက် ခွဲခြားဆက်ဆံမှုရှိသော ဥပဒေများကို ပြင်ဆင်ခြင်းများ၊ ရိုဟင်ဂျာလူမျိုးစု၏ သရုပ်သဏ္ဍာန်၊ စုပေါင်းအခွင့်အရေးများ၊ သာတူညီမျှသော နိုင်ငံသားရပိုင်ခွင့်များနှင့် အားလုံးပါဝင်နိုင်သော အုပ်ချုပ်မှုများကို သေချာစေနိုင်ခြင်းများမှာလည်း လိုအပ်ချက်များ ဖြစ်ပါသည်။

၄။ လူသားချင်းစာနာမှု နှင့် ဖွံ့ဖြိုးရေး အထောက်အပံ့များ - ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေး အစီအမံများတွင် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ပြည်နယ်၏ ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်ပြီး အသိုက်အဝန်းနှစ်ခုလုံး၏ လူနေမှုအဆင့်အတန်းများကို မြှင့်တင်နိုင်ပါလိမ့်မည်။ ယင်းမှတစ်ဆင့် လူမှုပေါင်းစည်းရေးကို ပိုမိုဖြစ်ထွန်းစေပြီး တင်းမာမှုများကို လျှော့ချပေးနိုင်ပါလိမ့်မည်။



၅။ နိုင်ငံတကာအသိုက်အဝန်းနှင့်ထိတွေ့ဆက်ဆံခြင်း - အိမ်နီးခြင်းနိုင်ငံများအပါအဝင် နိုင်ငံတကာ အသိုက်အဝန်း မှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂ (UN)အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် တွေ့ဆုံ ဆွေးနွေးမှုများကို အထောက်အကူပြုနိုင်ရန်၊ လူသားချင်းစာနာမှု အထောက်အပံ့အပံ့များနှင့် ပြန်လည် သင့်မြတ်စေရေး ကြိုးပမ်းမှုများတွင် အင်မတန်အရေးပါသည်။

၆။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု - အမှန်တရားကော်မရှင်များ (Trust Commissions)၊ နစ်နာ မှုများအတွက် ခံစားပိုင်ခွင့်များပေးအပ်ခြင်းများ (reparations)၊ နှင့် အတိတ်မှရက်စက်သော လုပ်ရပ်များ အတွက်တာဝန်ခံခြင်း အစရှိသည့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ လုပ်ငန်းစဉ်ယန္တရား များမှ အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေးအလွဲသုံးစားမှု လက်ဆင့်ကမ်းမှုများကို ဖြေရှင်းပေးနိုင် ပါသည်။

၇။ လူမှုအဖွဲ့အစည်း စွမ်းဆောင်ရည်မြှင့်တင်ခြင်း - ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးလုပ်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် ဒေသခံအသိုက်အဝန်း၊ အဖွဲ့အစည်း များအား စွမ်းဆောင်ရည် မြှင့်တင်ခြင်းမှတစ်ဆင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးအားအခြေခံ လူတန်းစားအဆင့်မှ ရှေးရှုနိုင်စေသည်။

၈။ ပညာရေးနှင့် အသိအမြင်မြှင့်တင်ခြင်း - နားလည်သည်းခံမှုများကို မြှင့်တင်ပေးသော၊ ပုံသေသတ်မှတ် ချက် များကို စိန်ခေါ်နိုင်သော ကမ်ပိန်းများနှင့် ကွဲပြားခြားနားမှုများတွင် ပါဝင်ဆင်နွှဲခြင်းများမှ လူမျိုးစွဲ အတွေးမြင်များကိုပယ်ဖျက်နိုင်ပြီး လူမှုသဟဇာတမျှမှုကို ပိုမိုတိုးမြင့်စေနိုင်ပါသည်။

ရိုဟင်ဂျာလူမျိုးများနှင့် ရခိုင်လူမျိုးများအကြား ရည်ရှည်တည်မြဲသော လူမှုပေါင်းစည်းမှုရရှိနိုင်ရေး ဆိုသည်မှာ ပဋိပက္ခဖြစ်စေသော အကြောင်းတရားများအား ရင်ဆိုင်တိုက်ခိုက်နိုင်သော၊ တိုင်းရင်းသား လူမျိုးစုအားလုံးအကြား ပြန်လည်သင့်မြတ်မှု၊ တန်းတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှုကိုစွမ်းစွမ်းတမံ ထမ်းဆောင်နိုင်သော ပြီးပြည့်စုံသည့် ချဉ်းကပ်မှုတစ်ခု လိုအပ်ပါသည်။



# ရိုဟင်ဂျာလူမျိုးနှင့် Facebook လူမှု ကွန်ရက် : Upside Down, Inside Out

၂၀၀၈ ခုနှစ်မှစတင်ကာ အာရက်ကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ချုပ် - Arakan Rohingya National Organization (ARNO) မှ Facebook အဖွဲ့အား အကြိမ်ပေါင်းများစွာ ဆက်သွယ်ခဲ့ပါသည်။ ထိုကဲ့သို့ဆက်သွယ်မှုများတွင် Facebook ကုမ္ပဏီအနေဖြင့် ၂၀၁၇ ခုနှစ် ပဋိပက္ခအတွင်း ယင်း၏ လူမှုစာမျက်နှာများမှတစ်ဆင့် ရိုဟင်ဂျာလူမျိုးများအားပစ်မှတ်ထားသော အကြမ်းဖက်မှုများနှင့် အမုန်းစကားများအား အတားအဆီးမရှိဖြန့်ဝေနိုင်ရေးအတွက် ခွင့်ပြုခဲ့သည့် အမှားများအပေါ် ပြန်လည်ကုစားပေးရန်လိုလားချက်အား ဖော်ပြခဲ့ကြသည်။ Facebook (လက်ရှိတွင် META) အဖွဲ့မှ ARNO အဖွဲ့အား ပြန်လည်ကုစားပေးရေးအတွက် ဆွေးနွေးရန် စိတ်ကူးမရှိကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။ ၂၀၁၉ ခုနှစ်မှ ယနေ့အချိန်အထိ Facebook ၏လုပ်ရပ်များအားဆန့်ကျင်သော အခြားသောလုပ်ဆောင်မှုများ လုပ်ဆောင်ခဲ့သော်ငြား Facebook ဘက်မှမူ မည်သည့် စိတ်ကျေနပ်စေသည့် ရလဒ်များရရှိအောင် လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိသေးပေ။

၂၀၂၃ ခုနှစ်တွင် အိုင်ယာလန်နိုင်ငံရှိ ဒုက္ခသည်အဖွဲ့တစ်ခုမှ META အဖွဲ့အား ယင်း၏လူမှုစာမျက်နှာအား "ပဲ့တင်သံတို့ စုံစည်းရာ" (echo chamber) အဖြစ် အသုံးပြုကာ ၂၀၁၇ ခုနှစ် အကြမ်းဖက်မှုအား အထောက်အကူပြုခဲ့ခြင်းအတွက် စွဲချက်တင် အမှုဖွင့်ခဲ့ပါသည်။ ယင်းအမှုအနေဖြင့် လက်ရှိအချိန်တွင် မည်သို့တိုးတက်ဖြစ်ထွန်းနေသည်ကို ထပ်မံမသိရသေးပေ။ ၂၀၂၄ ခုနှစ် ဇန္နဝါရီလ၊ လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံရှိ ဒုက္ခသည်အဖွဲ့တစ်ခုမှ Equality Labs အဖွဲ့မှ ၂၀၁၉ ခုနှစ်တွင် ရေးသားခဲ့သော အစီရင်ခံစာတစ်ခုကို အခြေခံ၍ META အဖွဲ့အား အမှုဖွင့်ထားသည်။ META အဖွဲ့အပေါ် တရားစွဲဆိုခြင်းအပေါ် လူထုစိတ်ဝင် စားမှုမှာ META အဖွဲ့အနေဖြင့် အိန္ဒိယနိုင်ငံရှိ ရိုဟင်ဂျာလူမျိုးများအပေါ် အမုန်းစကား ဖြန့်ကားရေး၊ ခွဲခြားဆက်ဆံမှု နှင့် အကြမ်းဖက်မှုတို့အား ဖြစ်စေခဲ့ကြောင်း ညွှန်းဆိုနေသည်။ တရားစွဲဆိုသူ ရိုဟင်ဂျာလူမျိုးများမှာ UNHCR ကဒ်ကိုင်ဆောင်ထားသူများ ဖြစ်နေပြီး၊ ယင်းတို့အနေဖြင့် အိန္ဒိယ တရားရေးရာစနစ်တွင် ပြည်သူ့အကျိုးစီးပွားအတွက် အမှုဖွင့်တရားရင်ဆိုင်ခြင်း လုပ်ခွင့်မရှိသူများ ဖြစ်နေရာ အဆိုပါတရားစွဲဆိုသည့်ကိစ္စများအား မည်သို့ဆောင်ရွက်မည်ကိုမူ မရှင်းလင်းသေးပေ။ ထို့အပြင် အပြည်ပြည်ဆိုင်လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) မှလည်း META အဖွဲ့အား ယင်း၏လူမှုစာမျက်နှာမှတစ်ဆင့် ရိုဟင်ဂျာလူမျိုးများအပေါ် "မဆင်မခြင် လုပ်ရပ်များ" ဖြစ်ပေါ်စေခဲ့ပြီး အမုန်းစကားများ ဖြစ်ပေါ်စေခဲ့သည့်အတွက် ရိုဟင်ဂျာလူမျိုးများအား လျော်ကြေး ပေးရန် ကမ်ပိန်းတစ်ခု လုပ်ဆောင်လျက်ရှိသည်။

ဖော်ပြပါ အားထုတ်ကြိုးပမ်းမှုများအားလုံးမှာ အရေးပါသည့်အလျှောက် ARNO မှလည်း ခံရသူများနှင့် ရှေ့နေများအား ယင်းအမှုများအတွက် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းသည်။ ARNO သည် MATA အဖွဲ့အား ရိုဟင်ဂျာလူမျိုးများအား ထောက်ပံ့ပေးနိုင်သော ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ - World Food Programme (WFP) သို့မဟုတ် အခြားသော လူသားချင်းစာနာမှု အဖွဲ့အစည်းများအား ရန်ပုံငွေများ ထောက်ပံ့ပေးနိုင်ရေးအတွက် စဉ်းစားရန်လည်း တိုက်တွန်းထားသည်။ ၎င်းအပြင် သို့မဟုတ် အခြားသော အစီအမံအနေဖြင့် ဒုက္ခသည်စခန်းများရှိ ရိုဟင်ဂျာကျောင်းသားများအတွက် ပညာသင်စု ရန်ပုံငွေများ ဖန်တီးပေးခြင်း၊ သို့မဟုတ် ကလေးများအား ကွန်ပြူတာအား ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် ပစ္စည်းများ ထောက်ပံ့ပေးခြင်းမှာလည်း ကောင်းမွန်သော အထောက်အပံ့ဖြစ်ကြောင်း တိုက်တွန်းထားပါ သေးသည်။



ထပ်မံ၍ ARNO မှ META အဖွဲ့အနေဖြင့် လက်ရှိဝင်းတို့၏ လူမှုစာမျက်နှာပေါ်ရှိ အမုန်းစကားများအားတိုက်ဖျက်သည့် ဆောင်ရွက်မှုများအား ပြန်လည်သုံးသပ်ခြင်းသာမက မြန်မာနိုင်ငံ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့ရှိပညာရှင်တို့နှင့် နီးကပ်စွာ အလုပ်လုပ်ကာ ရိုဟင်ဂျာလူမျိုးကိုသာမက မြန်မာနိုင်ငံရှိ မြန်မာ့စစ်တပ်၏အကြမ်းဖက်မှုများကြောင့် ခံစားနေရသော အခြားသော တိုင်းရင်းသားလူမျိုးစုများကိုဦးတည်နေသော အမုန်းစကားများများကို ဖော်ထုတ် ဖျောက်ဖျက်နိုင်ရေးအတွက်ကိုလည်း တိုက်တွန်းထားပါသေးသည်။

လူမှုမီဒီယာကုမ္ပဏီများသည် သတင်းအချက်အလက်များကို ဖြန့်ဝေရာတွင် အဓိကအရေးပါလှပြီး ၎င်းတို့သည် အလွဲသုံးစားပြုသော၊ အမုန်းနှင့် အကြမ်းဖက်မှုတို့အား ပြန့်ပွားစေသော သတင်းစကားများ မပေါ်ပေါက်စေရန်နိုးကြားသောသတိဖြင့် စောင့်ကြပ်သင့်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတော်တော်များများ မှ ရွေးကောက်ပွဲကျင်းပကြမည့်ကာလဖြစ်သောကြောင့် ယခုနှစ်မှာ အထူးသဖြင့်ပိုပင်အရေးကြီးသော နှစ်ဖြစ်ပါသည်။ ရိုဟင်ဂျာလူမျိုးများအနေဖြင့်လည်း META အဖွဲ့မှ ယင်း၏လုပ်ရပ်အတွက် ဝန်ချတောင်းပန်ခြင်းနှင့် ပြန်လည်ကုစားခြင်းများအတွက် စည်းလုံးစွာဆက်လက်တောင်းဆိုသွားမည် ဖြစ်သည်။



# ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအား အတင်းအဓမ္မ စစ်သားစုဆောင်းခြင်း

### ARNO တရားမျှတမှုဆိုင်ရာ ကော်မတီ

၂၀၂၃ ခုနှစ်ကုန်ပိုင်းမှစ၍ ရခိုင့်တပ်တော် (AA) နှင့် မြန်မာစစ်တပ်အကြားတိုက်ပွဲများသည် ဆိုင်ကလုန်းမိုခါဒဏ်မှ အပြည့်အဝ ပြန်လည်ထူထောင်နိုင်ခြင်းမရှိသေးသော ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် ပိုဆိုးဝါးသောအခြေအနေများကို ဖန်တီးပေးလာပါသည်။ ပြင်းထန်လာသော တိုက်ပွဲများကြောင့် ဘင်္ဂလားဒေ့ရှ်အစိုးရမှနေ၍ ဒုက္ခသည်များထပ်မံလက်မခံနိုင်တော့ကြောင်း နှင့် နယ်စပ်ပေါက်ကိုလည်း အထူးကြပ်မတ်စောင့်ကြည့်နေကြောင်း ကြေညာခဲ့ရသည်။ ရိုဟင်ဂျာလူမျိုးများ သည်လည်း ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီးနောက် ယခုအခါတွင် ရခိုင့်တပ်တော် (AA) ကိုတိုက်ရန်အတွက် အာဏာရှင်စစ်တပ်မှ အတင်းအဓမ္မစစ်သားစုဆောင်းခြင်းကို ခံရနေကြရသည်။ ရိုဟင်ဂျာလူမျိုးများ အနေဖြင့် စစ်တိုက်ရန်ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိပဲ လူစာရင်းမတင်ပါက အကြမ်းဖက်ခံရမည် ဟု ခြိမ်းခြောက်ခြင်းခံနေရကြောင်းလည်း အစီရင်ခံစာများတွင် တွေ့ရသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် မြန်မာအာဏာရှင်စစ်တပ်မှ "ပြည်သူ့စစ်မှုထမ်းဥပဒေ" ဟူသော နိုင်ငံသားတိုင်းစစ်မှုမထမ်းမနေရဥပဒေအား ပြဌာန်းလိုက်ပါသည်။ အတည်ပြုလိုက်သော ဥပဒေကြောင့် နိုင်ငံတစ်ဝှမ်းရှိ ပြည်သူများမှာ ဘေးလွတ်ရာကိုထွက်ပြေးကြရသည်။ မြန်မာနိုင်ငံ ရှိ လူ့အခွင့်အရေးအခြေအနေများအပေါ် ကုလသမဂ္ဂအထူးကိုယ်စားလှယ် တွမ်အင်ဒရူးမှ "အာဏာရှင် စစ်တပ်အနေဖြင့် ပြည်သူများအပေါ် သက်ရောက်မှုရှိထားပြီးသားဖြစ်တဲ့ အဓမ္မလူစုဆောင်းခြင်းကို ဖြန့်ကြတ်လုပ်ဆောင်ရန် စစ်မှုထမ်းဥပဒေအား အသက်သွင်းပြီး အကြောင်းပြလိုက်ခြင်းဖြစ်တယ်။ လောလောလတ်လတ်လများအတွင်းတွင်ပင် မြန်မာနိုင်ငံရှိ မြို့များ၏လမ်းများပေါ်တွင် လူငယ်အမျိုးသားများ ပြန်ပေးဆွဲခံရမှုများ၊ သို့မဟုတ် အဓမ္မစစ်တပ်အတွင်းသို့ ဝင်ရောက်စေခြင်းများ လုပ်ဆောင်နေပြီး ဖြစ်နေသည်။ ကျေးရွာများရှိလူငယ်များမှာလည်း ပေါ်တာစွဲခံရခြင်း၊ လူသားဒိုင်း အဖြစ်အသုံးချခံရခြင်းများရှိကြောင်း..."။ အတင်းအဓမ္မစစ်မှုထမ်းဆောင်စေခြင်းသည် ရုရှားနှင့် ယူကရိန်းနိုင်ငံတို့၏ စစ်ပွဲများတွင်းတွင်လည်း နည်းလမ်းတစ်ခုအဖြစ် အသုံးပြုကြောင်းသိရပါသည်။

**ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော မတည်ငြိမ်မှုများအရ ARNO မှ နိုင်ငံတကာအသိုက်အဝန်းအား အောက်ပါတို့အား အလေးအနက်ထား တောင်းဆိုလိုက်သည်။**

- ကုလလုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံအနေဖြင့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက် UNSCR 2669 ကိုလိုက်နာရန် တောင်းဆိုသင့်သည်။
- ကုလလုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံ၏အခြေအနေများ စုံစမ်းစစ်ဆေးမှုအလုံးစုံအတွက် နိုင်ငံတကာရာဇဝတ်ခုံရုံး (International Criminal Court)သို့ လွှဲပြောင်းသင့်သည်။
- နိုင်ငံတကာအသိုက်အဝန်းမှ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice) မှ ချမှတ်ထားသော ကနဦးအမိန့်များကို လိုက်နာရန် တာဝန်ရှိကြောင်း သတိပေးသင့်သည်။
- ARNO မှလည်း ရက္ခိုင့်တပ်တော် (AA) နှင့် မြန်မာစစ်တပ်တို့၏ တိုက်ပွဲများအတွင်း ရိုဟင်ဂျာလူမျိုးများအား မတရားလူစုဆောင်းခြင်းနှင့် လူသားဒိုင်းများ အဖြစ်အသုံးပြုခံနေရသည့် အခြေအနေများအား ဂမ်ဘီယာနိုင်ငံအနေဖြင့် ICJ သို့ တင်ပြပေးရန်တောင်းဆိုသည်။

[1] United Nations Office of High Commissioner for Human Rights, https://www.ohchr.org/en/press-releases/2024/02/myanmar-military-junta-even-greater-threat-civilians-it-imposes-military

# စစ်ကောင်စီ၏ ရခိုင်ပြည် လူမျိုးရေးပဋိပက္ခဖန်တီးမှု အန္တရာယ်

**တင်သိန်း**

ရခိုင်လူထုတို့၏သမိုင်းမှာ ရွှေခေတ်သို့ရောက်ရှိခဲ့ပြီဖြစ်ကြောင်းတွေးသော မည်သူ့ကိုမဆိုခွင့်လွှတ်ပေး နိုင်ပါလိမ့်မည်။ လွတ်လပ်မှုနှင့် စွန့်စားမှုတို့ကို ခုံမင်သော ရခိုင်လူမျိုးထုကို ရခိုင့်တပ်တော် (AA)မှ ပေါင်းစည်းပေးခဲ့ပြီး တပ်မတော်ရဲ့သမိုင်း တစ်လျှောက်တွင် ၎င်းတို့နှင့်ထိုက်တန်ကောင်း ထိုက်တန်နေလိမ့်မည်ဖြစ်သော အကြီးမားဆုံးသော အရှုံးတရားကို ဆောင်ကြဉ်းပေးခဲ့ပြီး ဖြစ်သည်။ ယခုဆောင်းပါးရေးနေစဥ်ကာလမှာကိုပင် ဒါဇင်နှင့်ချီသော စစ်သားများမှာ ယင်းတို့၏ စစ်တပ်စခန်းများကိုစွန့်ခွာပြီး အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ - ၎င်းတို့အစဥ်အဆက်မှ ယုတ်ညံ့သည့်၊ တိုက်ရည်ခိုက်ရည်မ ရှိသည့် လူမျိုးများသတ်မှတ်ထားသည့် လူများထံ သွားရောက် ခိုလှုံနေကြပါသည်။ အဆိုပါခံစားမှုများသည် စစ်တပ်သည်သာ တိုင်းပြည်၏အခရာဖြစ်ပြီး တိုင်းပြည်၏ဘက်ပေါင်းစုံမှာ စစ်ရေးရည်မှန်းချက်များအတွက် မောင်းနှင်သည်ဟူသော စစ်ရေး ယဥ်ကျေးမှုလွှမ်းမိုးသည့် မြန်မာလူမျိုးကြီးဝါဒမှ အရင်းခံပါသည်။ (မြန်မာနိုင်ငံတွင် ငြိမ်းချမ်းသောအချိန်ဟူသည်မှာ မရှိခဲ့ချေ။ တိုင်းပြည်မှာ လွတ်လပ်ရေးရပြီးကာလနှင့် ထိုမတိုင်ခင်ကိုကပင် စစ်သက်ကြာရှည်လာခဲ့ခြင်းဖြစ်သည်။) သို့ရာတွင် ထို အခြေအနေမှာ စစ်ရေးစစ်ရာဝေလေ့များအပေါ် လိမ္မာပါးနပ်သော စစ်တပ်အနေဖြင့် ၎င်း၏ကြီးမားသော လက်နက်အင်အားနှင့် အတူ စစ်ရေး ပရိယာယ်များကို ပေါင်းစပ်အသုံးပြုရာတွင် အင်မတန်အတွေ့ အကြုံကြီးသည်ဆိုသည်ကိုလည်း အစိပ္ပါယ်ဖွင့်ဆို လျက်ရှိပါသည်။

Eအရှေ့အာရှတွင် တစ်ချိန်တစ်ခါက အမေ့ခံလူမျိုးစုဖြစ်သော ရိုဟင်ဂျာလူမျိုးများ ဖြစ်သည်။ ၂၀၁၇ ခုနှစ် လူမျိုးတုန်း သတ်ဖြတ်မှုမှတစ်ဆင့် ကြာရှည်စွာခံစားနေခဲ့ရသော အတိဒုက္ခများကို ဖော်ပြခဲ့စဉ်အခါ ကပင်လျှင် ရိုဟင်ဂျာလူမျိုးများမှာ ကမ္ဘာပေါ်တွင် အထင်အမြင်လွဲမှားခြင်းခံရသော လူမျိုးများထဲမှ လူမျိုးစုတစ်ခုအဖြစ်သာကျန်ရစ်နေခဲ့သေးသည်။ ရခိုင်ပြည် ပြင်ပမှ လေ့လာစောင့်ကြည့်သူများ အနေဖြင့် မကြာခဏဆိုသလို ရခိုင်ပြည်နယ်တွင်း မြင်တွေ့ရသောဖြစ်နေသောအခြေအနေ များအပေါ် ရိုဟင်ဂျာတို့၏ တုံ့ပြန်မှုများအား မယုံကြည်နိုင်အောင် ဖြစ်ရသည်။ ယခုကဲ့သို့ မြန်မာစစ်တပ်အနေဖြင့် ရခိုင့်တပ် တော် (AA)ထံ စစ်ရှုံးနိမ့်နေရသော ရွှေခေတ်အချိန်ကာလသည် သွေးဆာနေသောမြန်မာစစ်တပ်ထံ ရခိုင်တိုင်းရင်းသားများ ထက်ပိုပြီး အသက်ပေးဆုံးရှုံးသွားရတဲ့ ထောင်ပေါင်းများစွာသော ရိုဟင်ဂျာအမျိုးသား၊ အမျိုးသမီးများနှင့်ကလေးများအတွက် ပြန်ပြီးအခွင့်ကောင်းယူရန်အချိန်ကောင်း ဖြစ်မနေဘူးလားဟု မေးတန်ကောင်းပါသည်။ မည်သို့ပင်အချိန်အခါကောင်းဟုဆိုစေ ကာမူ ရခိုင့်တပ်တော်နှင့် ရိုဟင်ဂျာတို့၏ ပေါင်းစည်းမှုအား တောင်းဆိုလာသည့်အခါ ရိုဟင်ဂျာတို့၏ ဒေါသတကြီး ပယ်ချခြင်း နှင့် ယင်းကဲ့သို့ ရှုးမိုက်သောမဟာအဆိုပြုချက်ကို တင်တွင်းသူပင်လျှင် မယုံမကြည် ဟားတိုက်လှောင်ပြောင်ခြင်းကို ကြုံတွေ့ရ နိုင်ပါသည်။

lရီစရာကောင်းသည့်အချက်မှာ ရိုဟင်ဂျာတို့၏တုံ့ပြန်မှုများကို နားလည်မှုအရှိဆုံး တစ်ခုတည်းသော ရခိုင်ပြည်ပြင်ပအဖွဲ့ အစည်းမှာ ၂၀၁၇ခုနှစ် ရိုဟင်ဂျာလူမျိုးတုန်းသတ်ဖြတ်မှုနှင့် မတရားရက်စက်မှုများ ကို ပဲ့ကိုင်ခဲ့သော မြန်မာစစ်တပ်ဖြစ်နေ ခြင်းပင်။ ထိုသို့နားလည်မှုများက ယခင်ရိုဟင်ဂျာလူမျိုးတုန်း သတ်ဖြတ်မှုကို ၎င်းတို့ကိုင်တွယ်နိုင်ခဲ့ပုံသာမက ဆက်လက်ပြီး လည်းရခိုင်ပြည်၏လားရာကို ၎င်းတို့ စိတ်ကြိုက်စီစဉ်ခြယ်လှယ် နေဦးမည့်ပုံစံများတွင် ထင်ဟပ်လျက်ရှိပါသည်။

Lမြန်မာစစ်တပ်၏ ၂၀၁၇ခုနှစ် စစ်ရေးလှုပ်ရှားမှုကို တစ်ဖန်ပြန်ကြည့်ကြပါစို့။ ပုံမှန်အနေအထားတွင် ရခိုင်ပြည်နယ်အတွင်း စစ်ဆင်ရေးလုပ်ငန်းများကို ဘူးသီးတောင်အခြေစိုက် အနောက်ပိုင်းတိုင်းစစ်ဌာန မှ တိုက်ရိုက်ညွှန်ကြားပါသည်။ သို့ရာတွင် ဩဂုတ်လ ၂၀၁၇ခုနှစ်တွင်မူ ထိုအချိန်ထိမမြင်မတွေ့ဖူးသော စစ်သားများကို ရိုဟင်ဂျာတို့ မြင်ခဲ့ရသည်။ မြန်မာစစ်တပ်နှင့် နီးစပ်သူတို့ကမူ ထိုစစ်သားများအား “စစ်သားအသစ်”များဟု ခေါ်ဆိုခဲ့ကြသည်။ ယင်းစစ်သားများမှာ လက်ရွေးစင် ခြေလျင်တပ်ရင်းများ ဖြစ်သည့် ခလရ ၃၃ နှင့် ခလရ ၉၉ တို့မှ စစ်သားများ ဖြစ်ကြသည်ဟု သိရသည်။ အဆိုပါ တပ်ရင်းတပ်ဖွဲ့ များသည် ဗဟိုထိန်းချုပ်ကွပ်ကဲမှုအောက် ဗိုလ်ချုပ်ကြီးများ၏အမိန့်အရ တိုက်ရိုက်လှုပ်ရှားကြပါသည်။ ယခု ၂၀၁၇ အရေးအခင်းတွင်မူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့အမိန့်အောက်တွင် စစ်ဆင်ရေး ဖော်ဆောင်ကြခြင်းဖြစ်သည်။ ယင်းတပ်ရင်းများမှ စစ်သားများ၏အဓိကလုပ်ဆောင်ရန်မှာ အကြမ်းဖက်မှု တစ်ခုတည်းသာဖြစ်သည်။ ၎င်းစစ်သားများကို ၂၀၁၇ခုနှစ် ဩဂုတ်လတွင်မှ တိုင်းပြည်၏ အခြားသောဒေသများမှ ရခိုင်ပြည်နယ်အတွင်း ခပ်မြန်မြန်ပျံသန်းဝင်ရောက်လာပြီး ရိုဟင်ဂျာတို့နေရာများတွင် နယ်မြေရှင်းလင်းရေးစီမံချက်များဖြင့် မြို့များမှလွဲ၍ မေယုမြစ်၏ အနောက်ဘက်ခြမ်းရှိ ရိုဟင်ဂျာအားလုံးကို နယ်မြေမှ ရှင်းထုတ်ခဲ့ကြပါသည်။ မျက်မြင်သက်သေနှင့် အသက်ရှင်ကျန်ရစ်သူတို့၏ပြောပြချက်များအရ ထိုစစ်သားများမှာ ယခင်၎င်းတို့စခန်းချရာနေရာ ဖြစ်နိုင်သည့်ကချင်ပြည်နယ်ရှိ သူပုန်များအားသတ်ဖြတ်နိုင်ခဲ့ပုံများကို ဝှံ့ဝှံ့ကြွားကြွားပြောနေ ကြသည်ဟုဆိုပါသည်။ ထိုအချိန်ကာလအတောအတွင်းမှာကိုပဲ စစ်တပ်နှင့် KIA ကြား တိုက်ပွဲများပြင်းထန်ခဲ့သည်ဖြစ်သောကြောင့် ယခင်ကချင်ပြည်နယ်တွင် ၎င်းတို့တာဝန်ကျခဲ့သည် ဆိုသည်မှာလည်း မှန်နိုင်သည်။

ခြေလျှင်တပ်ရင်းများအနေဖြင့် စစ်ဆင်ရေးများကို ဦးဆောင်ခဲ့သည်ဆိုသော်လည်း ၎င်းတို့ချည်း သပ်သပ်တော့မဟုတ်ခဲ့ချေ။ ပုံမှန်အားဖြင့်ဆိုလျှင် ထိုစစ်သားများသည် အထောက်အကူပြုဝန်ထမ်းများ ဖြစ်သော နယ်ခြားစောင့်တပ်(BGP)၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် ရခိုင်လူမျိုးစုအတွင်းမှ ပူးပေါင်း ဆောင်ရွက်သူတို့ လမ်းပြပို့ဆောင်ပေးမှုဖြင့် ရိုဟင်ဂျာရွာများသို့ သွားကြရခြင်းဖြစ်သည်။ ခြေလျှင်တပ်ရင်းအဖွဲ့များမှာ အရည်အတွက်အနည်းငယ်သာရှိကြပြီး လက်နက်အပြည့်အစုံ တပ်ဆင်ပေးထားကာ မြန်မာနိုင်ငံအတွက်ဆိုလျှင် ဖြစ်လေ့ဖြစ်ထရှိသော သူတို့အားဆန့်ကျင်သော လက်နက်မဲ့ရွာသူရွာသားများကို တိုက်ခိုက်ရန်အတွက် ဖွဲ့စည်းပေးထားခြင်းဖြစ်သည်။ တပ်ရင်းတပ်ဖွဲ့ များမှာ လက်နက်များပစ်ဖောက်ကာ ရောက်ရှိလာမည်၊ ရွာတွင်းကျန်ရစ်သူများကို ဖမ်းမည်၊ အားလုံးအားဝိုင်းထားပြီးနောက်တွင် သတ်ဖြတ်မည်၊ မုဒိန်းပြုကျင့်မည်၊ ကလေးသူငယ်များဆိုလျှင် မီးထဲပစ်ထည့်ခဲ့ကြမည်၊ ထို့နောက်တွင် နောက်ရွာသို့ ဆက်သွားကြမည်။ စသည့်လုပ်ရပ်များမှာ ယင်းစစ်သားများ၏ ထုံးစံ၊ လုပ်ထုံးလုပ်နည်းများဖြစ်ကြသည်။ ထိုပုံစံအတိုင်း ရိုဟင်ဂျာအားလုံး သေဆုံးသွားသည်အထိ သို့မဟုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ထွက်ပြေးကြသည်အထိ လုပ်ဆောင်သွားကြ ခြင်းဖြစ်သည်။ (တစ်ချို့ရိုဟင်ဂျာများမှာ ရှောင်ပုန်းနိုင်သဖြင့် လွတ်သွားသည်။ စစ်သားများမှာ မည်သည့်ရိုဟင်ဂျာလူမျိုးတစ်စုံတစ်ဦးကိုမျှ အလွတ်မပေးခဲ့ချေ။ အစဉ်အဆက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုယ်စားလှုပ်ရှားပေးလေ့ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရင်းနှီးထားသော ရိုဟင်ဂျာများကိုပင် အလွှတ်မပေးခဲ့ကာ မည်သူတဦးတယောက်ကိုမျှ အလွှတ်မပေးခဲ့ပါ။ ထိုသို့စစ်တပ်နှင့် ပူးပေါင်းသူတဦးဖြစ်သော်လည်း တပ်မတော်အဖွဲ့များရောက်လာသည်ကို သွားရောက်နှုတ်ဆက်သည့်အခိုက် ဘာဖြစ်သွားသည်ကို မသိလိုက်၊ မစဉ်းစားနိုင်လိုက်သေးခင်အတွင်း ပစ်ခတ်ခံလိုက်ရသည်ကို ကြုံတွေ့ ခဲ့ရခြင်းလည်းရှိသည်။ အဆိုပါ ရက်စက်ကြမ်းကြုတ်မှုများအား တစ်လခန့်ဆောင်ရွက်ခဲ့ပြီးနောက်၊ ရိုဟင်ဂျာလူမျိုးပေါင်း ၂၅,၀၀၀ တို့ သေကြေခဲ့ရပြီး၊ အသက်ရှင်ကျန်ရစ်သူအမြောက်အမြားမှာ ဘင်္ဂလားဒစ်ရှ်သို့ ထွက်ပြေးခဲ့ရပြီးနောက်၊ ထိုစစ်သားများမှာ သူတို့စတင်ရောက်လာခဲ့သည့်အတိုင်း ရုတ်တရက်ပြန်ထွက်ခွါသွားခဲ့ပါသည်။ အသက်ရှင်လွတ်မြောက်သူ ရိုဟင်ဂျာလူမျိုးများမှာ ထိုစစ်သားများအား နောက်ပိုင်းတွင် ထပ်မံမတွေ့ရတော့ပါ။ ထပ်မံ၍တွေ့ဖို့ကိုလည်း ထပ်ပြီးမျှော်လင့်လိမ့်မည်မဟုတ်ပါ။

ယင်းတို့၏နောက်ကွယ်တွင်မူ နယ်ခြားစောင့်တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရခိုင်ရွာများရှိ ပူးပေါင်းသူများက အဆိုပါလက်ရွေးစင်စစ်သားများအတွက် ရံဖန်ရံခါ လမ်းပြအဖြစ်သော်လည်း ကောင်း၊ အခြားသောအထောက်အပံ့များအဖြစ်လည်းကောင်း လျှို့ဝှက်ဆောင်ရွက်ပေး ခဲ့ကြသည်။ အဆိုပါသူများမှာ များသောကြားဖြင့်အသက်ရှင်ကျန်ရစ်သူရိုဟင်ဂျာများနှင့် သိကျွမ်းကြသူများ ဖြစ်သည်။ များသောအားဖြင့် ထိုသူတို့သည် တပ်ရင်းအဖွဲ့များ ခပ်သွက်သွက်လှုပ်ရှားသွားပြီးနောက် ကျန်ရစ်သောနေရာများအား ထပ်မံရှင်းလင်းပေးကြသူများဖြစ်သည်။ ယင်းအခြေအနေမှာ စစ်တပ်မှလုပ်ဆောင်သွားသကဲ့သို့စနစ်မကျနိုင်သော်လည်း သတ်ဖြတ်မှုများနှင့် မုဒိန်းမှုများထပ်မံ၍ကြုံတွေ့ခဲ့ရခြင်းကိုလည်း ဆိုလိုနေပါသည်။ စစ်တပ်နှင့်ကွာခြားသွားသည်ဆိုသောအချက်ဆိုလျှင် ထိုကျူးလွန်သူတို့အနေဖြင့် ရခိုင်ပြည်နယ်အတွင်းဆက်ရှိနေကြခြင်းဖြစ်ပါသည်။ ရခိုင်ပြည်နယ်မှာ အရေးခင်း မတိုင်ခင်နှင့် အရေးခင်းပြီးသွားသည်အထိ ၎င်းတို့၏ နေရပ်၊အိမ် ဖြစ်ပါသည်။ ၎င်းတို့မှာ နေပြည်တော်နှင့် ရန်ကုန်တို့ရှိ မမြင်ရသော အာဏာရှင်များအတွက် မျက်စိများ၊ နားများ ဖြစ်ခဲ့ကြသည် မှာ ယခုဖြစ်ရပ်မတိုင်ခင်လွန်လေပြီးကတည်းကပင်ဖြစ်သည်။ သူတို့သည်လည်း အစိမ်းရောင်ဝတ်လူ များနည်းတူ ရိုဟင်ဂျာလူမျိုးများအားဇတ်သိမ်းပေးဖို့ စိတ်အားထက်သန်သူများ ဖြစ်ကြပါသည်။ ခြေလျင်တပ်ရင်းမှသူများနှင့်ကွာခြားသည့်အချက်မှာ ရခိုင်မြောက်ပိုင်းမှာ ၎င်းတို့၏ နေရပ်ဌာနေဖြစ် နေခြင်း၊ သို့မဟုတ် ၎င်းတို့မှာ အခြားသော ရခိုင်ပြည်နယ်အရပ်ရပ်မှလာကြသူများဖြစ်နေကြခြင်းပေ။ ၂၀၁၇ အရေးအခင်းမတိုင်ခင်လများ၌ပင် ရိုဟင်ဂျာအမျိုးသားတစ်ဦးဦး သို့မဟုတ် ရိုဟင်ဂျာအမျိုးသမီး တစ်ဦးဦးမှ ခွဲခြားဆက်ဆံမှုကိုယ်တွေ့ခံစားခဲ့ရသည်ဆိုလျှင် လက်သည်မှာ အနီးပတ်ဝန်းကျင်တွင်ရှိနေသော ရက်စက်ကြမ်းကြုတ်သောမျက်နှာများနှင့်၎င်းတို့သာလျှင် ယေဘုယျအားဖြင့် ဖြစ်လေ့ရှိသည်။

ထိုသို့ ဖြစ်ပျက်နေသောအချိန်များတွင် AA ဘယ်ရောက်နေသနည်းဟု မေးခွန်းထုတ်စရာရှိပါသည်။ အခြားသော ရခိုင်လက်နက်ကိုင်လှုပ်ရှားမှုများနှင့် ကွာခြားစွာပင် AA အဖွဲ့၏စစ်ဆင်ရေးစခန်းများမှာ ရခိုင်ပြည်နယ်တွင်အခြေမစိုက်ပဲ ကချင်ပြည်နယ်တွင် အခြေစိုက်ခြင်းဖြစ်ပါသည်။ ရခိုင့်တပ်တော် (AA) နှင့် ၎င်း၏နိုင်ငံရေးအဖွဲ့အစည်းဖြစ်သော ULA တို့မှာ ရခိုင်ပြည်သူတို့၏ရန်းကန်မှုများနှင့် တသားတည်းကျခဲ့သည်မှာ အရေးခင်းအပြီး တစ်နှစ်ခန့်အတွင်းမှသာဖြစ်သည်။ ဒါသည်ပင်လျှင် ရိုဟင်ဂျာတို့အမြင်တွင်မူ AA အဖွဲ့အစည်းသည် ၂၀၁၇ ခုနှစ်လူမျိုးတုန်းသတ်ဖြတ်မှုတွင်ပါဝင် ကျူးလွန်ခဲ့သည်သာမက ထိုမတိုင်ခင်ရာစုနှစ်တစ်ဝက်ခန့် တစ်မြေ့မြေ့နှင့်လူမျိုးတုန်းသွားစေရန် လုပ်ဆောင်ခဲ့ရာတွင်ပါဝင်ခဲ့သော ရခိုင်သားများပါဝင်သည်ဟုသာ မြင်ထားကြပါသည်။ ရခိုင်ပြည်၏ မြေပြင်အခြေအနေအစစ်အမှန်မှာ စစ်တပ်၏ ပြိုကွဲစေခြင်းဖြင့် အုပ်ချုပ်မှု “Divide and Rule” စနစ်မှ ဖန်တီးလိုက်သော အနေအထားတစ်ခုဖြစ်နေခြင်းဖြစ်သည်။ ရိုဟင်ဂျာလူမျိုးများအနေဖြင့်မူ ရန်သူဆို သည်မှာ ၎င်းတို့ဘဝသက်တမ်းတစ်လျှောက် ပြော၍မကုန်နိုင်သောကံဆိုးမိုးမှောင်မှုများကို ဆောင် ကြဉ်းဖန်တီးခဲ့သော ၎င်းတို့၏စက်ဆုတ်ဖွယ်ကောင်းသော အိမ်နီးချင်းများကိုသာ မှတ်ယူထားကြသည်။ တကယ့်လူမျိုးတုန်းရာဇဝတ်မှုကြီး၏ ခေါင်းကိုင်ဖခင်ကြီးမှာမူ ခပ်ဝေးဝေးတွင် ရှိနေဆဲ၊ ဒုက္ခအတိကိုခံစားခဲ့ရသူ၊ ချစ်ခင်ရသောသူများနှင့် ကွေကွင်းခဲ့ရသော ရိုဟင်ဂျာရွာသားများအတွက်ဆို လျှင် မမြင်မတွေ့နိုင်သောအနေအထားတွင် ထိရောက်စွာ ရှိနေဆဲဖြစ်သည်။ လူမှုအဖွဲ့အစည်းသော် လည်းကောင်း လူထုခေါင်းဆောင်မှုသော်လည်းကောင်းမရှိသော လူမှုအသိုက်အဝန်းတစ်ခုတွင်၊ အရေးပါသော ခေတ်ပညာရေး ဗလာနတ္ထိဖြစ်နေသောနေရာတွင် ရန်သူဆိုသည်ကို ခပ်လှမ်းလှမ်းမှ စစ်တပ်စခန်းများမှဖြစ်ကြောင်းမတွေးနိုင်ကြပဲ ဘေးချင်းကပ်ရွာမှ သူများကိုသာထင်မှတ်လိုက်ကြခြင်း ဖြစ်သည်။

မူစလင်ရိုဟင်ဂျာလူမျိုးများအား လူမျိုးတုန်းသတ်ဖြတ်မှုတွင်ပါဝင်ခဲ့သောသူများကိုယ်၌ ရခိုင့်တပ်တော် တွင်ပါဝင်နေသည်ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်အတွင်းရှိလူမျိုးစုအားလုံးကို ရက္ခိုင့်တပ်တော်ကဲ့သို့ သော အင်အားကြီးအဖွဲ့အစည်းတစ်ခုတွင် စုစည်းရန်မှာ အင်မတန်မလွယ်ကူသော အခြေအနေတစ်ရပ် ဖြစ်ပေါ်လာစေနိုင်သည်။ AA မှ စစ်သည်တော်များမှာ လူမျိုးတုန်းသတ်ဖြတ်မှုတွင်ပါဝင်ခဲ့ခြင်းမရှိဟူ၍ သာ ထောက်ပြနိုင်ခဲ့သူရှိလာပါက ထိုရှုးနှမ်းသောပြောဆိုချက်များမှာ ချက်ချင်းပင် ဘေးဖယ်ထားခြင်း ခံကြရမည်သာ။ တပ်မတော်သည်သာ အဆိုပါအဖြစ်ပျက်ကြီးတစ်ခုလုံးအား စီစဉ်သူဟု ပြောလာသူ မည်သူမဆိုလည်း အယဉ်ကျေးဆုံးဆိုလျှင်ပင် တိတ်ဆိတ်မှုနှင့်ကြုံရမည်ပင်။

အဆိုးဆုံးမှာ ရခိုင်သားတို့အပေါ်ထားရှိသော ရန်လိုမုန်းထားမှုများဖြစ်သည်။ မျိုးချစ်စိတ်ထက်သန်မှု ကြောင့် AA တွင် တာဝန်ထမ်းဆောင်နေရသော ရိုဟင်ဂျာရာပေါင်းများစွာတို့ပင်လျှင် ၎င်းတို့၏ပါဝင်မှု များအား ၎င်းတို့အသိုက်အဝန်းအတွင်း သိုဝှက်ထားကြသည်။ ရိုဟင်ဂျာလူမျိုးများအပေါ် ရန်ငြိုးအမုန်း များ ရှိနေသည့်အလျှောက်၊ နှစ်ဖက်အသိုက်အဝန်းအကြား တွေ့ဆုံဆွေးနွေး၊ စကားပြောဆိုခြင်း လျစ်ဟာနေသည့်အလျှောက်၊ ယခုတိုင်အမြစ်တွယ်နေသောမယုံကြည်မှုမှာ ဆက်လက်ပြီး ရှင်သန်နေ မည် ဖြစ်သည်။ ယခုဆိုလျှင် ကုလားတန်မြစ်၏ အနောက်ဘက်ကမ်းတွင် ရိုဟင်ဂျာလူမျိုးများနှင့် ရခိုင်သားတို့ကြား အပြန်အလှန်ရင်းနှီးဖလှယ်မှုများဖြစ်ထွန်းနေကြောင်းသတင်းများ ရရှိပါသည်။ သို့ရာတွင် အဆိုပါ သတင်းများကို များများဖတ်ရှုဖို့ဆိုသည်မှာ အချိန်မတန်သေးပါ။ ၂၀၁၂ ခုနှစ်အဓိကရုန်းနောက်ပိုင်း ရိုဟင်ဂျာများအား တစ်နေရာနှင့်တစ်နေရာ သွားလာခွင့်ပိတ်ပင်ခံခဲ့ရ ပြီးနောက်၊ ရွာများရှိ ရိုဟင်ဂျာအသိုက်အဝန်းများနှင့် ဒုက္ခသည်စခန်းများမှ သူတို့မှာ တစ်ဦးနှင့်တစ်ဦး အဆက်အဆံဖျက်ခံခဲ့ရုံသာမက ပြင်ပလောကကနှင့်လည်း အဆက်အသွယ်ပြတ်တောက်ခဲ့ရသည်။ အကယ်၍ ရိုဟင်ဂျာအသိုက်အဝန်းလေးတစ်ခုမှ ရခိုင်သားတို့အပေါ် ရင်းနှီးမှုကိုပြသသည်ဆိုပါစို့ ထိုရင်းနှီးမှုမှာ ကိုယ့်အိမ်နီးချင်းများအပေါ် ညီရင်းအစ်ကိုကဲ့သို့ချစ်ခင်မှုမဟုတ်ရပါပဲ အသက်ရှင် ရပ်တည်မှုအတွက် အကြောက်တရားကြားမှ ခင်မင်ရင်းနှီးပြရခြင်းဖြစ်သည်။ ထပ်မံ၍လည်း စစ်တပ်သည်သာ ထိုကဲ့သို့အခြေအနေများကို အခြားသောသူများထက်ပိုမိုလက်လှမ်းမှီနေပါ သေးသည်။ ခွဲခြားအုပ်ချုပ်မှု “Divide and Rule” ပုံစံနှင့် နှစ်ပေါင်းရှည်ကြာစွာ အတွေ့အကြုံရှိလာခဲ့ သော စစ်တပ်အနေဖြင့် ရှုပ်ထွေးသောရခိုင်ပြည်အခြေအနေကို လိုသလိုလှည့်ကစားပြီး အမြတ်ထုတ်နိုင်ဖို့ဆိုသည်မှာ အခြားသော ရခိုင်အရေးပါဝင်ပါတ်သတ်သူများထက်ပိုမိုတစ်ပန်းသာ နေပါသည်။ စစ်တပ်သည် သူတို့အုပ်ချုပ်နိုင်သောနေရာများတွင် ရိုဟင်ဂျာရပ်မိရပ်ဖများကို အစည်း အဝေးခေါ်ယူကာ ရခိုင်သားတို့သည် သူတို့၏ ရန်သူဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ရိုဟင်ဂျာလူမျိုးအများစုအနေဖြင့် စစ်တပ်မှပြောဆိုချက်ကို အလေးအနက်မထားပဲ လက်မခံနိုင် သောလည်း၊ ရခိုင်သားများနှင့် ရိုဟင်ဂျာလူမျိုးတို့ကြား သမိုင်းဝင် ရန်ငြိုးရန်စများမှာ နှစ်ဖက်ကြားအခြေအနေကို ခန့်မှန်းရန်ခက်ခဲလွန်းလှစေပါသည်။ ရိုဟင်ဂျာလူထုခေါင်းဆောင်များ အနေဖြင့် ၎င်းတို့လူထုကို သမိုင်းရဲ့မှန်ကန်သောဘက်မှာ ရပ်တည်နိုင်စေဖို့အတွက် လုပ်ရမည့်အလုပ် များတော်ပုံရာပုံနှင့်ရင်ဆိုင်ရပေလိမ့်မည်။ လက်ရှိအချိန်ထိဆိုလျှင် စစ်ကောင်စီအတွက်စစ်မှုထမ်းပေး ရန် ငြင်းဆန်မှုကြောင့် ရိုဟင်ဂျာမူစလင်များစွာ ဖမ်းဆီးခံထားရပြီဖြစ်သည်။ သို့ရာတွင် ရခိုင်ပြည်လူမျိုး ရေး မီးပုံးထဲမှ မီးပွားစလေးများကို ကျွမ်းဝင်စွာကစားနိုင်သူမှာ စစ်တပ်တစ်ခုတည်းသာ ဖြစ်သည့်အလျောက် ထိုအခြေအနေမှာ မြေပြင်တွင် ဖြစ်စဉ်တစ်ခုကို တစ်စီတစ်တန်း ဖြစ်သွားဖို့အတွက် အစပြုသွားစေနိုင်ပါလိမ့်မည်။



# မင်းပြားမြို့နယ်အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုအတွင်း မွေးကင်းစကလေးငယ်များ အပါအဝင်၊ အနည်းဆုံး ရိုဟင်ဂျာ ၂၃ ဦးခန့်သေဆုံး

ဒေသခံသတင်းထောက်အဆိုအရ မတ်လ ၁၈ ရက်နေ့ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုအတွင်း ကလေးငယ်များအပါအဝင် အနည်းဆုံး ရိုဟင်ဂျာ ၂၃ဦးခန့် သေဆုံးခဲ့ရပြီး ၆၀ ဦးဒဏ်ရာရရှိခဲ့ပါသည်။

**ည ၁နာရီ၃၀ ကျော်ခန့်အချိန်တွင် ခြိတ်တောင်ကျေးရွာအုပ်စု၊ သာဒါကျေးရွာထဲသို့ တိုက်ခိုက်ရေးဂျက် လေယဉ်များသုံး၍ ဗုံးများပစ်ချကာ ရွာများအားမီးတိုက်ခဲ့ခြင်းကြောင့် ရွာသား ၂၀ခန့် နေရာ၌ပင် ဆုံးပါးခဲ့ပြီး နောက်ထပ်သုံးဦးမှာ ဆေးပေးခန်းသို့အရောက်တွင် အသက်ဆုံးရှုံးခဲ့ကြောင်းသိရသည်။ ၁၂ ဦးမှာ လက်ရှိတွင် စိုးရိမ်ရသောအခြေအနေတွင်ရှိနေသည်။**

အလုံးစုံပျက်စီးသွားပြီးဖြစ်သော အိမ်တစ်အိမ်အတွင်း မိသားစုအတွင်းမှ အိမ်သားငါးဦး၊ မွေးကင်းစ ကလေးငယ် ၃ ဦးနှင့် မိဘ ၂ ပါးလုံးမှာ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားခဲ့သည်။

ရိုဟင်ဂျာကျေးရွာများပတ်ဝန်းကျင်တွင်လည်း စစ်တပ်မှ ရခိုင့်တပ်တော် AA အားတန်ပြန်တိုက်ခိုက်ရန် အတွက် စစ်သားစုဆောင်းနေခြင်းကို ဒေသခံများမှ ဆန့်ကျင်နေကြသည်ဖြစ်ရာ အခြေအနေမှာ တင်းမာလျက်ရှိသည်။

ရှေ့တန်းမျက်နှာပြင်များစွာတွင် အရှုံးနှင့်ရင်ဆိုင်နေရသော မြန်မာအာဏာရှင်စစ်တပ်အနေဖြင့် လေကြောင်းတိုက်ခိုက်မှုများဖြင့် ပြန်လည်တုံ့ပြန်လျက်ရှိရာ ပြည်သူများအနေဖြင့် နေ့စဉ်အသက်ဆုံးရှုံး မှုကို ကြုံတွေ့နေရပါသည်။ စစ်တပ်တပ်ဖွဲ့များမှာ နိုင်ငံတဝှမ်းရှိ မြောက်မြားစွာသောပြောက်ကျား တပ်ဖွဲ့များထံမှ အရှုံးများစွာတိုးရင်ရင်ဆိုင်နေရသည်ဖြစ်ရာ လေကြောင်းတိုက်ခိုက်ရန်နည်းလည်းမှအပ စစ်တပ်တွင်အခြားနည်းလမ်းမရှိတော့ပေ။

လေကြောင်းစစ်ဆင်ရေးများပေါ်ပေါက်လာရခြင်းမှာ စစ်အာဏာရှင်၏ (fledging defences) အင်အားချိနဲ့လာသော ကာကွယ်ရေးကို အင်အားဖြည့်တင်းနိုင်ရန်အတွက် နည်းလမ်းတစ်ခုဖြစ်နေသည်။

မြန်မာစစ်တပ်သည် ပြည်သူလူထုအပေါ် မညှာတာ ရက်စက်သောစစ်ဆင်ရေးများဆင်နွှဲသည့်နေရာတွင် လူသိများသည်။ ၂၀၁၇ခုနှစ်အတွင်း စစ်တပ် တပ်ဖွဲ့များမှ ရိုဟင်ဂျာရွာသားများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုအားကျူးလွန်ခဲ့ရာ လူပေါင်း ၂၅,၀၀၀ အသက်ဆုံးရှုံးခဲ့ရပြီး သန်းပေါင်းများစွာသောရိုဟင်ဂျာများမှာ ဘင်္ဂလားဒေ့ရှ်သို့ မောင်းထုတ်ခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုအပြီးတွင် သဒါကျေးရွာ၏ အစိတ်အပိုင်းတစ်ချို့မှာပျက်ဆီးခဲ့ရသည်။ စစ်ကောင်စီအတွက် လေကြောင်းတိုက်ခိုက်ရေးမှာ တည်ငြိမ်မှုမရှိသော ဒေသအတွင်း မတူညီသော သဘောထားများကို အားနည်းသွားစေရန် အသုံးပြုရာတွင် အသုံးဝင်နေသေးသည်ဖြစ်ရာ ဒေသအတွင်းတွင် တင်းမာမှုများမြင့်တက်လျက်ရှိနေသည်။

မကြာသေးသောရက်များအတွင်းတွင်လည်း ရခိုင်နှင့်ရိုဟင်ဂျာလူမျိုးများမှာ လေကြောင်းနှင့် တာဝေးပစ်လက်နက်ကြီးများကြောင့် အသက်ဆုံးရှုံးမှုများလည်း ရှိခဲ့သေးသည်။

# ရိုဟင်ဂျာများအား အတင်းအဓမ္မတပ်သား စုဆောင်းခြင်းများနှင့် အလိမ်ပေါ်အလိမ်ဆင့်ခြင်း

“ရခိုင်ပြည်နယ်တွင် ရှိသော ဘင်္ဂါလီများအား စစ်မှုထမ်းရန် SAC က စာရင်းကောက် ယူနေသည်ဆိုသော သတင်းမှာ လုံးဝမှန်ကန်မှုမရှိဘဲ လုပ်ကြံဖန်တီး ရေးသားထား ခြင်းသာဖြစ်ကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဘင်္ဂလားဒေ့ရှ်မီဒီယာတစ်ခုဖြစ်သည့် The Business Standard ၏ ဝက်ဘ်ဆိုက် သတင်းတစ်ခုတွင် မြန်မာ အစိုးရက ဒုက္ခသည်စခန်းများရှိ အကန့်အသတ်ခံထားရသည့် ဘင်္ဂလီများ ကို လွတ်လပ်စွာသွားလာခွင့် ပေး မည်ဟု ကမ်းလှမ်းပြီး စစ်မှုထမ်းစေရန် လုပ်ဆောင်နေသည်ဟု သတင်းရေးသားထားခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်သတင်းဌာနအချို့က တရားမဝင် မြန်မာမီဒီယာအချို့၏ ရေးသား ချက်ကို ကိုးကား၍ ရေးသား နေကြခြင်း ဖြစ်ကြောင်းနှင့် RFA ၏ အခြေ အမြစ်မရှိသော သတင်းကို ကိုးကား ရေးသား ခြင်း ဖြစ်ကြောင်း လည်း သိရသည်။

“အဲဒီလိုမျိုး မရှိပါဘူး။ ဘင်္ဂါလီတွေက နိုင်ငံသားလည်းမဟုတ်ဘူးလေ။ ပြီးတော့ စစ်မှုထမ်းဥပဒေကလည်း အခုအ ချိန်ထိ တိုင်းဒေသကြီး၊ ပြည်နယ် ၊ ဦးစီးအဖွဲ့တွေပဲ ဖွဲ့ရသေးတယ်။ ခရိုင်၊ မြို့နယ်၊ ရပ်ကျေး စတဲ့အဖွဲ့ တွေ အများကြီး ဖွဲ့ရအုံးမှာ လေ။ နည်းဥပဒေလည်း ထုတ်ပြန်ရအုံးမှာ။ အဲဒါတွေ လုပ်ရအုံးမှာ ဆိုတော့ အခု ထွက်နေတဲ့ သတင်း တွေက မဟုတ်ပါဘူး။ ဒီမှာတော့ အဲဒီလိုတွေ မရှိဘူး”ဟု ၎င်း ကပြောသည်။

ဘင်္ဂလားဒေ့ရှ် အခြေစိုက် ဒါကာထရီဗျူးသတင်းဌာနက “နယ်စပ်ဒေသရှိ ထောင်နှင့်ချီ သော ဘင်္ဂလီ ဒုက္ခ သည်များအား လက်ရှိ ဖြစ်ပွား နေသော တိုက်ပွဲတွင် ပါဝင်တိုက်ခိုက် ရန် ခေါ်ဆောင်သွားသည်ဟု အတည် မပြု နိုင်သေးသော သတင်းများထွက်ပေါ်နေ ကြောင်းလည်း မဟုတ်မမှန်ရေးသား ဖော်ပြထားသည်။

တရားမဝင်မီဒီယာများက ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်ကြောင်း ကြေညာပြီးသည့် နောက်ပိုင်းတွင် ပြည်သူများနှင့်ဒေသခံများ စိုးရိမ်ပူပန်မှုကြီးထွားစေရန်အတွက် မဟုတ် မမှန်သတင်းများကို အမျိုးမျိုးလုပ်ကြံ ရေးသားခဲ့ပြီးနောက် ယခု သတင်းတုကိုလည်း ပုံစံတစ်မျိုးဖြင့် ထုတ်လွှင့်လာကြခြင်းဖြစ်ကြောင်း ရန်ကုန် အခြေစိုက် မီဒီယာစောင့် ကြည့် လေ့လာသူတစ်ဦးက ပြောကြားသည်။ - မျိုးခိုင်/ဇင်း”

***New Light of Myanmar**

အထက်တွင်ဖော်ပြထားသည်မှာ အစိုးရပိုင် ဝါဒဖြန့် မြန်မာ့အလင်းသတင်း (အင်္ဂလိပ်) မှ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နေ့စွဲဖြင့် ဖြန့်ဝေခဲ့သော သတင်းဖြစ်သည်။ မြန်မာ့အလင်းအနေဖြင့် နိုင်ငံအတွင်း သက်တမ်းအရင့်ဆုံး အင်္ဂလိပ် သတင်းစာအဖြစ် မိမိဘာသာတင်စားပြောဆိုလေ့ရှိသောလည်း ၎င်း၏ သတင်းတင်ဆက်ပုံများသည် သတင်း အစစ်အမှန်များကို တင်ပြခြင်းထက် အစိုးရ၏ တရားဝင် ဝါဒဖြန့်ချီရေးအတွက်ကိုသာ အဓိကလုပ်ဆောင်ပေးနေ ခြင်းဖြစ်သည်။ နိုင်ငံအတွင်းရှိ အနည်းငယ်သော အင်္ဂလိပ်သတင်းဖတ်သူများအနေဖြင့်လည်း မြန်မာပြည်အတွင်း ဖြစ်ပေါ်နေမှုများကို သိရှိနိုင်ရန်အတွက် မူ ဤသတင်းစာအားရွေးချယ်လေ့မရှိကြပါ။ မည်သို့ပင်ဆိုစေကာမူ ဤ သတင်းစာမှတစ်ဆင့် မြန်မာအစိုးရအနေဖြင့် သူ၏ပြည်သူများနှင့် ကမ္ဘာအား မည်သို့သတင်းစကားများဖြင့် ဆက် သွယ်နေ သည်ကို သိသာထင်ရှားစွာ သိမြင်နိုင်ပါသည်။

၂ယခုဆိုလျှင် ရိုဟင်ဂျာအရေးနှင့် ရခိုင့်အရေးစိတ်ဝင်စားသူမည်သူမဆို ရိုဟင်ဂျာရာနှင့်ချီစွာ စုဆောင်းခံ နေရပြီး အချို့ဆိုလျှင် AA ကို တိုက်ခိုက်ရန်အတွက် တပ်ခွဲအသီးသီးကို ဖြန့်ကြတ်ထားပြီးဖြစ်ကြောင်း ကောင်းစွာ သိရှိနားလည်ပြီး ဖြစ်သည်။ ရိုဟင်ဂျာများအနေဖြင့် အခြားသောရွေးချယ်နိုင်စရာများ မရှိခဲ့ဘဲ စစ်ရေးစစ်ရာ သင်တန်းမရှိသလောက်နီးပါးအခြေအနေနှင့် စစ်မှုထမ်းရန်အတွက် စုဆောင်းထိန်းသိမ်းခံခဲ့ရခြင်းဖြစ်သည်။ ဤနေရာတွင် စစ်သားဟုသတ်မှတ်ခြင်းထက် "လူသားဒိုင်း" ဟုသတ်မှတ်လိုက်သည်မှာ ပို၍ မှန်ကန်နေပါလိမ့်မည်။

ရိုဟင်ဂျာများကို စစ်မှုထမ်းရန်တပ်သားစုဆောင်းခြင်းသည် စစ်တပ်၏ လူအင်အားအပူတပြင်းလိုအပ် နေခြင်းကိုပြခြင်းဖြစ်သကဲ့သို့ စစ်ကောက်စီ၏ ရခိုင်ပြည်ရှိ လူမျိုးရေးမီးစကို အသုံးပြုကာ ရခိုင်နှင့် ရိုဟင်ဂျာတို့ကို သွေးခွဲရန် အားထုတ်မှုများကို ပိုမိုမြင်သာလာစေပါသည်။

စစ်ကောင်စီမှ ရခိုင်များအနေဖြင့် ရိုဟင်ဂျာများမှာ မြန်မာပြည်သူများကို သစ္စာဖောက်ကာ စစ်ကောင်စီနှင့် လက်တွဲသွားပြီဟုထင်ရန် အလိုရှိနေစဉ်တစ်ချိန်တည်းမှာပင် စစ်ကောင်စီအနေဖြင့် ရခိုင်ပြည်နယ်ပြင်ပ၊ အထူးသဖြင့် စစ်တပ်အနေဖြင့် ၎င်းတို့၏အုပ်ချုပ်မှုအတွက် လက်နက်ကိုင်စိန်ခေါ်မှုကို ပထမဆုံးကြုံတွေ့နေရသော သူများအနေဖြင့်လည်း ၎င်းတို့မှာ မြန်မာပြည် အား ပြည်ပမူစလင်၏ရန်မှ ကာကွယ်ပေးနေသည်ဖြစ်ကြောင်းကို ယုံမှားသံသယ မဖြစ်ရအောင်လည်း လုပ်ဆောင်နေမည်မှာ အမှန်ပင်ဖြစ်သည်။

စစ်အစိုးရမှ ရခိုင်ပြည်နယ်ရှိ ရခိုင်နှင့် ရိုဟင်ဂျာတို့အားတောက်လျှောက်သွေးခွဲခဲ့သည့်အတိုင်းပင် တစ်တိုင်းပြည်လုံးရှေ့တွင်း ၎င်းတို့ကိုယ်၎င်းတို့ အစ္စလာမ်စ်ဝါဒမပြန့်ပွားစေရန်နှင့် အစ္စလာမ်စ်ဝါဒီများ ဘင်္ဂလားဒစ်ရှ်နိုင်ငံအတွင်းမှဝင်ရောက်လာမှုကိုကာကွယ်ပြီး ဗုဒ္ဓသာသနတော်ကိုကာကွယ်စောင့်ရှောက သူအဖြစ်ပုံဖော်လေ့ရှိသည်။ ပြည်နယ်အတွင်းရှိ ရခိုင်-ရိုဟင်ဂျာတင်းမာမှုကို လိုသလိုလှည့်ကစားရင်းနှင့် ပင်၊ လတ်တလောရခိုင်ပြည်နယ်တွင်းရှိရိုဟင်ဂျာများအား စစ်သားစုဆောင်းနေ သည့်အဆင့်များကမူ စစ်အစိုးရ၏ အကြပ်အတည်းအချိန်တိုင်းတွင် အစဉ်တစိုက်ထုတ်ကစားတတ်သောဝှက်ဖဲဖြစ်သည့် ဗုဒ္ဓသာသာနာအားကာကွယ်စောင့်ရှောက်သူဟူသော ဂုဏ်ပုဒ်နှင့်မူ ဆန့်ကျင်နေသည်။

သတင်းထုတ်ပြန်ချက်ကိုလည်း တပ်မတော်မှရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူမှုအသိုက်အဝန်းအတွင်း သိသာထင်ရှားနေသော အလွဲသုံးစားပြုထားသည့်လုပ်ရပ်များကို ငြင်းဆိုဖို့ရန်အလေးထားထားခြင်းမှာ အခြားသောအကြောင်းအရင်းများထက်စိတ်ဝင်စားစရာကောင်းနေသည်။

ထုတ်ပြန်ချက်အတွင်း အထပ်ထပ်အခါအသုံးပြုသွားသော ဘင်္ဂလီဟူသော အသုံးအနှုန်းသည်လည်း မူစလင်လူမှုအသိုက်အဝန်းအား တိုင်းပြည်အတွင်းနိုင်ငံသားအဖြစ်လုံးဝ သတ်မှတ်နိုင်ခြင်းမရှိသည်ကို ဂရုပြုပြောဆိုနေခြင်းဖြစ်သည်။ ရိုဟင်ဂျာလူမျိုးတုန်းသတ်ဖြတ်မှုကျူးလွန်ထားသည်မှာ နှစ်အနည်း ငယ်ကြာမြင့်သွားပြီးဖြစ်သောကြောင့် မြန်မာစစ်တပ်မှာ သဘောထားပြောင်းသွားခဲ့ပြီဟု အင်မတန်မှ ရိုးအစွထင်ခဲ့သောသူများ အဖို့မူ၊ ယခုအပြုအမူမှာ ပါးဖြတ်ရိုက်လိုက်ခြင်းဖြစ်ပါသည်။ မြန်မာအလင်း သတင်းဟူသည်မှာ မြန်မာစစ်အစိုးရ၏ အာဘော်များကို တရားဝင်ဖြန့်ချီပေးရသည်ဖြစ်ပြီး၊ ထိုသတင်း ၌ ရိုဟင်ဂျာမဟုတ်ဘဲ ဘင်္ဂလီဟုသာ သုံးသွားခြင်းမှ ရိုဟင်ဂျာများကို နိုင်ငံသားအဖြစ်မသတ်မှတ်နိုင်ခြင်း ကို ငြင်းဆိုခြင်းနှင့် မည်သို့မျှမခြားနားပါ။ မြန်မာနိုင်ငံအတွင်း လက်ရှိကျန်နေရစ်သော ရိုဟင်ဂျာလူမျိုး အနည်းငယ်ကိုလည်း နိုင်ငံဖြတ်ကျော်ဒုက္ခသည်များ (refugees)အဖြစ်သာသတ်မှတ်ထားပြီး ပြည်တွင်း ပြည်တွင်းနေရပ်စွန့်ခွာပြောင်းရွှေ့ရသူများ (IDP) အဖြစ်မသတ်မှတ်ထားပါ။

IDP အစား နိုင်ငံဖြတ်ကျော်ဒုက္ခသည်များ (refugees) ဟုခေါ် ဆိုခြင်းအားဖြင့် အစိုးရအနေဖြင့် ရိုဟင်ဂျာများမှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံမှလူများဖြစ်ကြသောကြောင့် ထိုဌာနေနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရ မည့်လူများဟု ခံယူထားခြင်းကိုဖော်ပြနေပါသည်။ ဒီ အချက်သည်လည်း အစိုးရအနေဖြင့် အရေးအခင်းအပြီး ခြောက်နှစ်အကြာတွင် ရပ်တည်ချက်ပြောင်းသွားပြီး ဘင်္ဂလားဒေ့ရှ် အရှေ့တောင်ဘက် ဒုက္ခသည်စခန်းများတွင်ခိုလှုံနေသော ရိုဟင်ဂျာတစ်သန်းကျော်ကို ပြန်လည် လက်ခံဖို့လိုလားလာလိမ့်မည်ဟု မျှော်လင့်နေသော ရိုဟင်ဂျာအရေးအတွက် ဆောင်ရွက်နေသူ အားလုံးအား ထပ်မံသတိပေးလိုက်ခြင်းပင်ဖြစ်သည်။ အစိုးရ အနေဖြင့် ရိုဟင်ဂျာဒုက္ခသည်များများကို ပြန်လည်ခေါ် ယူဖို့လုပ်ဆောင်သည့်အစား နိုင်ငံတွင်းကျန်ရှိနေသေးသော မူစလင်ရိုဟင် ဂျာ အနည်းငယ်ကိုပင် ဌာနေနိုင်ငံအတွင်းမှမောင်းထုတ်ပြီး ထာဝရဒုက္ခသည်အနေထားဖြင့်ထားဖို့သာ ဆောင်ရွက်မည်မှာ အင်မတန်ရှင်းလင်းနေပါသည်။

ယခုဆိုလျှင် မြန်မာပြည်လူထုအနေဖြင့်လည်း အစိုးရအနေဖြင့် ရိုဟင်ဂျာအရေးနှင့်ပတ်သက်လာလျှင် မဟုတ်မမှန်ဇာတ်ကြောင်း များတစ်ခုပြီးတစ်ခုတင်ပြကာ မူစလင်မုန်းတီးရေးနှင့် ယုတ္တိမတန်သောအ အကြောက်တရားများကို ထည့်သွင်းနေခြင်းဖြစ် ကြောင့် သိသင့်နေပါပြီ။ ယခုအဖြစ်မတိုင်မီ ၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာများအနေဖြင့် ၂၁ ရာစု၏အရက်စက်ဆုံးသော လူမျိုးတုန်း သတ်ဖြတ်မှုအတွင်း သားကောင်အဖြစ်သက်ဆင်းစဉ်ကာလအတွင်းတွင် မြန်မာလူထုအများစုမှာမူ ဆယ်စုနှစ်ချီသော ဝါဒဖြန့်ချီခံ ရမှုနှင့် နောက်ပိုင်းတွင် Facebookခေတ် ဒစ်ဂျစ်တယ် နည်းပညာထွန်းကားမှုတို့ကျေးဇူးဖြင့် စိတ်မကောင်းစရာ အမှန်တရား၏ တစ်ဖက်ခြမ်းတွင် ရပ်တည်ခဲ့ကြသည်။ နှစ်အနည်းငယ်အကြာတွင်မူ ရိုဟင်ဂျာလူမျိုးတုန်းသတ်ဖြတ်မှုကိုဦးတည်ခဲ့သော ထို တူညီသောယန္တယားမှာ မြန်မာပြည်သူများဘက် ကို ခေါင်းတည်လာခဲ့ပြန်ပါသည်။ ယခုတစ်ခါတွင် မိစ္ဆာတပ်ဖွဲ့ဝင်များနှင့် ၎င်း တို့၏ဖိနှိပ်မှုအောက် ရဲရဲဝံ့ဝံ့ ရုန်းကန်နေရသော မြန်မာလူထုအနေဖြင့် ရခိုင်ပြည်နယ်ရှိ မူစလင်အသိုက်အဝန်းနှင့် တစ်ဖက်တည်း ဖြစ် လာပြီဟူသည်ကို နားလည်သဘောပေါက်သင့်ပါပြီ။

*ARNO* သတင်းထုတ်ပြန်ချက်များ

# ညီညွတ်ရေးအချိန်၊ စစ်တပ်နှင့် အကျိုးတူပူးပေါင်းသူတို့မှာ သမိုင်း၏ပြာပုံတွင်သာ ရှိသင့်တော့သည်

## မတ်လ ၁၅ ရက် ၂၀၂၄။

ARNO အနေဖြင့် နိုင်ငံတစ်ဝှမ်း မြန်မာမိစ္ဆာစစ်တပ်တပ်ဖွဲ့ဝင်များကို သမိုင်းဝင်ခုခံတော်လှန်နေကြသော လွတ်လပ်မှုကိုချစ်မြတ်နိုးသော မြန်မာနိုင်ငံသားများနှင့်အတူမြဲမြဲစွာရပ်တည်ကြောင်း ကြေညာအပ် ပါသည်။ မြန်မာ့သမိုင်းတစ်လျှောက် မြန်မာစစ်တပ်ကို ဤကဲ့သို့ လူတန်းစား အလွှာအသီးသီးမှ ညီညီ ညွတ်ညွတ်ပူးပေါင်းကာ တော်လှန်ကြသည့်အဖြစ်မျိုး မရှိခဲ့ဘူးပါ။ ထို့ကြောင့်ပင် ဤအခြေအနေကို အံ့အားမှင်သက်မှု၊ သတိကြီးသော စိတ်လှုပ်ရှားမှုတို့ဖြင့် ကျွန်ုပ်တို့ ရိုဟင်ဂျာလူမျိုးတို့အား လူမျိုးတုန်း သတ်ဖြတ်မှုအားဦးစီးလုပ်ဆောင်ခဲ့သော အမှောင်နှင့် မတရားသော အင်အားမှုများအား တိုင်းရင်းသား သရုပ်လက္ခဏာမည်သို့ပင်ကွဲပြားမှုရှိပါစေ မြန်မာပြည်သူပြည်သားများမှ ညီညွတ်စွာအတူတကွ ဆန့်ကျင်နေကြသည်ဟု မြင်ပါသည်။

မကြုံစဖူး ပြည်သူတို့၏စုစည်းညီညွတ်မှုကြောင့် ရက်စပ်ကြမ်းကြုတ်သော မြန်မာစစ်တပ်မှာ ၎င်းတို့၏ လက်ဟောင်းနည်းနာအတိုင်း တိုင်းရင်းသားအချင်းချင်း၊ ဘာသာရေးမတူသူများအချင်းချင်းကြား စိတ်ဝမ်းကွဲစေရန် ဖန်တီးလာပြန်ပါသည်။ အခြားမကြည့်ပါနှင့်၊ ရခိုင်ပြည်နယ်ရှိ မညီမျှသော အခြေအနေများနှင့် လူမျိုးရေးချိန်ကိုက်ဗုံးကို စစ်ကောင်စီအဖွဲ့ဝင်များမှ မီးမြှိုက်နေသည် ထင်ရှားနေပါ သည်။

ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင်၊ ရခိုင်ရိုဟင်ဂျာမဟာမိတ်အဖွဲ့ (ARNA)မှ “ညီညွတ်မှုဖြင့်ရပ်တည်၊ ပြိုကွဲရာတွင် ကျဆုံး” (United we stand, divided wd fall) ဟူသော ခေါင်းစဉ်ဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရိုဟင်ဂျာကျေးရွာများတွင် စစ်ကောင်စီမှ ကျေးရွာကာကွယ်ရေးအဖွဲ့များ ဖွဲ့ရန် ကြိုးစားနေခြင်းကို ဖော်ပြထားသော သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ခဲ့ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ လက်ရှိလုပ်နေသော စစ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် ရွာသားများအား လုပ်သားကျွန်ပုံစံမွေးမြူခြင်းမှာ ဖျက်သိမ်းသွားပြီးဖြစ်သော ယခင်နဆကအဖွဲ့ဝင်များမှ ရိုဟင်ဂျာရွာ သားများကို ယခင်ဆောင်ရွက်ခဲ့သည့် လက်ဟောင်းနည်းကို ဆက်လက်ကျင့်သုံးနေခြင်းဖြစ်သည်။ တကယ်ဆိုလျှင် ကျေးရွာကာကွယ်ရေးအဖွဲ့များဟူသည်မှာ လူသားဒိုင်းသပ်သပ်မျှသာ။ ရခိုင်ပြည်ရှိ လူမှုအသိုက်အဝန်းနှစ်ခုအကြား မသိမသာနည်းပရိယာယ်သုံးကာ မီးမွှေးထားခြင်းဖြစ်သည်။

ဤနေရာတွင် ကျွန်ုပ်တို့အနေဖြင့် ရိုဟင်ဂျာလူများဆိုသည်မှာ ခေတ်ပြိုင်ကာလအတွင်း အဆိုးဝါးဆုံး သော လူမျိုးတုန်းသတ်ဖြတ်မှုကြီး၏ သားကောင်များဖြစ်ခဲ့သည်ဆိုသည်ကို ထပ်လောင်းတင်ပြ လိုပါသည်။ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင်အများဆုံးကြုံတွေ့ခဲ့ရသော ရက်စက်ကြမ်းကြုတ်မှု အများအပြားကို ကျူးလွန်ခဲ့သော စစ်တပ်နှင့် ၎င်းတို့၏အပေါင်းအပါများကို ကျွန်ုပ်တို့အနေဖြင့် မည်သည့်အခါမှ မေ့သွားနိုင်မည်၊ မေ့လိုက်နိုင်မည် မဟုတ်ပါ။

ရက်စက်သောစစ်တပ်နှင့် ယခုအချိန်ပူးပေါင်းတိုက်ခိုက်နေသူမည်သူမဆိုသည်လည်း ရိုဟင်ဂျာလူမျိုး တုန်းသတ်ဖြတ်မှုကို ကျူးလွန်သူများဖြစ်ကြပါသည်။ လက်ရှိ စစ်အာဏာရှင်မှ ပြည်သူလူထုအား သွေးခွဲရန် ဆိုးရွားစွာကြံစည်နေသည်ကို ကျွန်ုပ်တို့အနေဖြင့် သိရှိထားပြီး ထိုအကြံစည်အား လုံးဝဆန့်ကျင်ပါသည်။ ထို့ပြင် တိုင်းရင်းသားအားလုံးတို့၏ တရားမျှတမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အတွက် ဖက်ဒရယ်ဒီမိုကရေစီမြန်မာနိုင်ငံတော်တိုက်ခိုက်နေသော အဖွဲ့များကိုလည်း ကျွန်ုပ်တို့မှ ထောက်ခံကြောင်းထပ်မံပြောလိုပါသည်။

ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံသားများ၊ အထူးသဖြင့် ရခိုင်ပြည်နယ်သားများအား အားလုံးအကြားခိုင်မာသော နားလည်မှုတည်ဆောက်ကာ ယခင်အမှားများမှ သင်ခန်းစာယူကြပါရန်၊ ထပ်တူညီသောအမှားများ ထပ်မပြုမိကြပါရန် တိုက်တွန်းသည်။ မြန်မာနိုင်ငံအား ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်အဖြစ်တည်ဆောက်ရန်အတွက် သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်သင့်ပါပြီ။ ကျွန်ုပ်တို့၏နိုင်ငံ တွင် ရက်စက်ကြမ်းကြုတ်သောစစ်တပ်နှင့် ၎င်း၏အပေါင်းအပါအစုအဖွဲ့များမှာ သမိုင်း၏အမှိုက်ပုံးထဲ သို့ ရောက်သင့်နေပြီ ဖြစ်ပါသည်။

For more information, please contact:
Dr. Mohammad Habib Ullah
Email: arno@rohingya.org/ info@rohingya.org

*ARNA* သတင်းထုတ်ပြန်ချက်

# စစ်အာဏာရှင်ဆန့်ကျင်ရေးအတွက် ရိုဟင်ဂျာတို့၏ မယိုင်လဲသော ရပ်တည်ချက်

## မတ်လ ၂၃ ရက်၊ ၂၀၂၄

ရခိုင်ရိုဟင်ဂျာမဟာမိတ်အဖွဲ့ (ARNA) မှ တင်ပြလိုသည်မှာ -

(၁) မတ်လ ၁၉၊ ၂၀၂၄ ခုနှစ်၊ ဘူးသီးတောင်မြို့ပေါ်တွင်ပြုလုပ်ခဲ့သော ရခိုင့်တပ်တော်ကိုဆန့်ကျင်ဆန္ဒပြပွဲ သည် မြန်မာစစ်တပ်၏ဦးဆောင်ကျင်းပပြီး ကံအအကြောင်းမလှ၊ ကူကယ်ရာမဲ့သော ရိုဟင်ဂျာများအား အတင်းအဓမ္မခိုင်းစေပါဝင်ခိုင်းခဲ့ခြင်းဖြစ်ပါသည်။ ၎င်းတို့၏ စိတ်ဆန္ဒမပါပဲပါဝင်ခဲ့သည်မှာ ထင်ရှား သောကြောင့် ထိုရိုဟင်ဂျာတို့သည် အပြစ်မတင်သင့်ပါ။ ဆန္ဒပြပွဲသည် ရိုဟင်ဂျာလူမျိုးတို၏အသံနှင့် ရည်မှန်းချက်များကို ကိုယ်စားပြုခြင်းမရှိပါ။

(၂) ရခိုင်ရိုဟင်ဂျာမဟာမိတ်အဖွဲ့ (ARNA)သည် မြန်မာစစ်တပ်၏ တိုင်းပြည်အတွင်းရှိ တိုင်းရင်းသားများ နှင့် ဘာသာရေးအဖွဲ့များအကြား အထူးသဖြင့် ရခိုင်ပြည်ကဲ့သို့ မူစလင်ရိုဟင်ဂျာလူမျိုးများ နှင့် ပတ်သက်၍အကြပ်အတည်းဆိုက်နေသောနေရာတွင် သွေးခွဲရန် ဆိုးရွားစွာကြံစည်မှုများအား ထပ်ခါထပ်ခါ ရှုံ့ချခဲ့ပြီးဖြစ်ပါသည်။ ARNA အဖွဲ့သည် ရိုဟင်ဂျာလူမျိုးများနှင့် အခြားသော ဆွေမျိုးသားချင်းတို့အား အန္တရာယ်ကြီးသောထောင်ချောက်ထဲ မကျရလေအောင် ကြိမ်ဖန်များစွာ သတိပေးထားခဲ့ပြီးပြီ ဖြစ်သည်။

(၃) ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးတို့ကိုယ်စား မြန်မာနိုင်ငံတစ်ဝှမ်း အာဏာသိမ်းစစ်တပ်၏ မိစ္ဆာတပ်ဖွဲ့ဝင်များကို သမိုင်းဝင်တော်လှန်ဆန့်ကျင်နေကြသော လွတ်လပ်မှုကိုချစ်မြတ်နိုးသော မြန်မာလူမျိုးများနှင့် တစ်သားတည်း ခိုင်မာစွာ ရပ်တည်လျက်ရှိကြောင်းကြေညာအပ်ပါသည်။

(၄) ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင်၊ ရခိုင်ရိုဟင်ဂျာမဟာမိတ်အဖွဲ့ (ARNA)မှ “ညီညွတ်မှုဖြင့်ရပ်တည်၊ ပြိုကွဲရာတွင် ကျဆုံး” (United we stand, divided we fall) ဟူသော ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကျေးရွာကာကွယ်ရေးဟု အမည်တပ်ကာ ရိုဟင်ဂျာလူငယ်များကို အတင်းအဓမ္မစစ်မှုထမ်းခိုင်းစေနေခြင်းကို ရှုံ့ချ ဆန့်ကျင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ကျေးရွာကာကွယ်ရေးအဖွဲ့ဆိုသည်မှာ လူသားဒိုင်းသပ်သပ်မျှသာဖြစ်ပြီး ရခိုင်ပြည်ရှိ လူမှုအသိုက်အဝန်းနှစ်ခုအကြား မသိမသာနည်းပရိယာယ်သုံးကာ မီးမွှေးထားခြင်းဖြစ်သည်ကိုလည်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

(၅) ဤနေရာတွင် ကျွန်ုပ်တို့အနေဖြင့် ရိုဟင်ဂျာလူများဆိုသည်မှာ ခေတ်ပြိုင်ကာလအတွင်း အဆိုးဝါးဆုံးသော လူမျိုးတုန်းသတ်ဖြတ်မှုကြီး၏ သားကောင်များဖြစ်ခဲ့သည်ဆိုသည်ကို ထပ်လောင်းတင်ပြလိုပါသည်။ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် အများဆုံးကြုံတွေ့ခဲ့ရသော ရက်စက်ကြမ်းကြုတ်မှုအများအပြား ကို ကျူးလွန်ခဲ့သော စစ်တပ်နှင့် ၎င်းတို့၏အပေါင်းအပါများကို ကျွန်ုပ်တို့အနေဖြင့် မည်သည့်အခါမှ မေ့သွားနိုင်မည်၊ မေ့လိုက်နိုင်မည် မဟုတ်ပါ။ ရက်စက်သောစစ်တပ်နှင့် ယခုအချိန်ပူးပေါင်းတိုက်ခိုက်နေသူမည်သူမဆိုသည်လည်း ရိုဟင်ဂျာလူမျိုး တုန်းသတ်ဖြတ်မှုကို ကျူးလွန်သူများဖြစ်ကြပါသည်။

(၆) လက်ရှိ စစ်အာဏာရှင်မှ ပြည်သူလူထုအား သွေးခွဲရန် ဆိုးရွားစွာကြံစည်နေသည်ကို ကျွန်ုပ်တို့အနေဖြင့် သိရှိထားပြီး ထိုအကြံစည်အား လုံးဝဆန့်ကျင်ပါသည်။ ထို့ပြင် တိုင်းရင်းသားအားလုံးတို့၏ တရားမျှတမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အတွက် ဖက်ဒရယ်ဒီမိုကရေစီမြန်မာနိုင်ငံတော် တိုက်ခိုက်နေသော အဖွဲ့များကိုလည်း ကျွန်ုပ်တို့မှ ထောက်ခံကြောင်းထပ်မံပြောလိုပါသည်။

(၇) ကျွန်ုပ်တို့သည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ရခိုင့်တပ်တော် (ULA/AA)တို့နှင့် အတူလက်တွဲအလုပ်လုပ်နိုင်ရန် အလွန်ဆန္ဒပြင်းပြပါသည်။ ၎င်းတို့အနေဖြင့် ပြည့်စုံထိရောက်သော တန်းတူညီမျှမှုအပေါ်အခြေခံ၍ ရိုဟင်ဂျာလူမျိုးတို့၏ ရခိုင်မြေပေါ်တွင်ရပ်တည်ပိုင်ခွင့်ကိုအာမခံပြီး ရိုဟင်ဂျာလူမျိုးတို့၏ “နေရပ်ပြန်ပိုင်ခွင့်” နှင့် အခြားသော တိုင်းရင်းသားများနှင့် တန်းတူညီမျှသော ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကိုအာမခံသည့် ပြတ်သားသည့်မူဝါဒများကို ကြေညာ ရန်လည်း အရေးကြီးပါသည်။

Media contact: secretariat@thearna.org

*ARNA* သတင်းထုတ်ပြန်ချက်

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အတွက် ရိုဟင်ဂျာ တို့၏သတင်းစကား

**မတ်လ ၂၆ ရက်၊ ၂၀၂၄**

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတော်၏ ၅၃နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာ နိုင်ငံရှိရိုဟင်ဂျာလူမျိုးများကိုယ်စား ရခိုင်ရိုဟင်ဂျာလူမျိုးများကွန်ယက် (ARNA)မှ လှိုက်လှိုက်လှဲလှဲ ဂါရဝပြုအပ်ပါသည်။ ယနေ့ကျရောက်သောနေ့ထူးနေ့မြတ်တွင်၊ ဂုဏ်သရေရှိသောဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာနှင့် ပြည်သူများအားလုံးအား ပျော်ရွှင်ဖွယ်လွတ်လပ်ရေးနေ့ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နိုင်ငံတော်၏ဖခင် Bangabandhu Sheikh Mujibur Rahman ၏ ထက်မြက်သောခေါင်းဆောင်မှု အောက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများသည် ၁၉၇၁ ခုနှစ်တွင် ၎င်းတို့၏ ကံကြမ္မာအတွက် ရဲရဲ့စွာတိုက်ယူခဲ့သော လွတ်လပ်မှု၏တန်ဖိုးကို ကောင်းစွာသိနားလည်မှုရှိကြပါသည်။

ကနဦးစွာ ၂၀၁၆ - ၂၀၁၇ ခုနှစ်အတွင်း ရက်စက်ကြမ်းကြုတ်မှုများစွာမှ လွတ်မြောက်လာရသော ရိုဟင်ဂျာလူမျိုးတစ်သန်းကို လက်ကမ်းကြိုဆိုပေးခဲ့သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတော်အား လှိုက်လှဲစွာဖြင့် ကျေးဇူးတင်အပ်ပါသည်။ ဘင်္ဂလားဒေ့ရှ်၏ အကူအညီသာမရရှိခဲ့သည်ရှိသော် အမျိုးသမီးများနှင့် ကလေးများအပါအဝင် အပြစ်မရှိသော ပြည်သူပေါင်းများစွာမှာ ရက်စက်ယုတ်မာသော မြန်မာစစ်တပ်နှင့် အစိုးရမဟုတ်သည့် ပါဝင်ပက်သက်သူများ၊ အခြား ကျူးလွန်သူများလက်တွင် မည်မျှအထိ အသက်ပေးဆုံးရှုံးခဲ့ရမည်မှာ မမှန်းဆနိုင်ပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကိုယ်ချင်းစာနာတရားရှိမှုနှင့် ရက်ရောပေးကမ်းမှုများကို ကမ္ဘာ့အလယ်တွင် လက်တွေ့ပြသခဲ့သူဖြစ်ပါသည်။ ကျွန်ုပ်တို့အသိုက်အဝန်းအတွက် အင်မတန်ခက်ခဲကြမ်းတမ်းနေသော အချိန်တွင် စစ်မှန်သော နွေးထွေးပျူငှာမှုကို ဖော်ပြပေးခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရနှင့် ပြည်သူများ အား ထာဝရအမှတ်ရသွားမည် ဖြစ်ကြောင်းပြောလိုပါသည်။

ကျွန်ုပ်တို့လူမျိုးများကဲ့သို့ပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအများအပြားမှာလည်း နိုင်ငံလွတ်လပ်ရေး ကြေညာပြီးနောက်တွင် မရေရာသောဒုက္ခသည်ဘဝများကြောင့် အမိနိုင်ငံတော်ကို စွန့်ခွါခဲ့ရကြောင်း သိထားပါသည်။ ဘင်္ဂလားဒေ့ရှ်ဖြစ်စဉ်ကဲ့သို့ပင် ကျွန်ုပ်တို့အပေါ် လူမျိုးတုန်းသတ်ဖြတ်မှုအား ကျူးလွန်သူများကို တရားမျှတမှု၏ရှေ့မှောက်သို့ ပို့ဆောင်နိုင်မည်ဟုမျှော်လင့်ပါသည်။

**ဘင်္ဂါလီလူမျိုးများအနေဖြင့် ကြီးမားသောအတိဒုက္ခများကို ခံစားနေရသည့်တစ်ချိန်တည်းမှာပင် ရှန်းထကာ ၎င်းတို့၏မြေများကို ထိန်းသိမ်းကာကွယ်၍ ကျဆုံးသွားသောအာဇာနည်များအတွက် လက်စားချေ တုံ့ပြန်နိုင်ခဲ့သည့်အတွက် ကိုးလအတွင်း အခြေအနေများကို ပြောင်းပြန်လှန်နိုင်ခဲ့သည်။ သို့သော်လည်း ရိုဟင်ဂျာလူမျိုးများမှာ ခြောက်နှစ်ကြာပြီးသည်အထိ ဒုက္ခသည်ဘဝနှင့်သာ ရှေ့ဆက် နေရပြီး အမိမြေပေါ်ပြန်နိုင်ရေးနှင့် ရက်စက်သောမြန်မာစစ်တပ်နှင့် အကျိုးတူပူးပေါင်းသူတို့လက်တွင်း သားကောင်အဖြစ် ချနင်းခံခဲ့ရသော ကျွန်ုပ်တို့လူမျိုးများအတွက် တရားမျှတမှုကို ဆောင်ကြဉ်း ပေးနိုင်ရေးမှာလည်း မျှော်လင့်ချက်အနည်းငယ်သာရှိနေသေးသည်။**

ကျွန်ုပ်တို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကဲ့သို့ လွတ်လပ်သောသီးခြားတိုင်းပြည်တည်ထောင် လိုခြင်းမရှိပါ။ ကျွန်ုပ်တို့လိုလားသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်/ဗမာပြည်အတွင်း အခြားသော တိုင်းရင်းသားနိုင်ငံသားများနှင့် တပြေးညီ "ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်" ကိုသာ ဖြစ်ပါသည်။ တိုင်းပြည်အတွင်းရှိမြောက်မြားစွာသော တိုင်းရင်းသားညီအစ်ကိုများနှင့်အတူ "ငြိမ်းချမ်းစွာအတူရှင်တွဲ နေထိုင်" နိုင်ရေးကိုသာ အလိုရှိပါသည်။ အမိရခိုင်ပြည်တွင်လည်း ညီမျှစွာဖြင့် ငြိမ်းချမ်းစွာအတူတကွ တည်ရှိရန်ကိုသာ တောင့်တပါသည်။

ကျွန်ုပ်တို့၏တိုက်ပွဲမှာ မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်ဖြစ်ပါစေ တန်းတူညီမျှသောနိုင်ငံသား အဖြစ်တည်ရှိနေနိုင်သော ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတော်အတွက်သာဖြစ်ပါသည်။ သို့ရာတွင် ဘင်္ဂလားဒစ်ရှ်ညီအစ်ကိုမောင်နှမကဲ့သို့ပင် ကျန်ုပ်တို့လည်း လူသားတစ်ယောက်အဖြစ် ရပ်တည်ခွင့်အခွင့်အရေးများအတွက် အောင်မြင်သောတိုက်ပွဲတစ်ရပ်အဖြစ်ကို အလားတူအောင်မြင်လိုပါသည်။ ယခုအချိန်အခါတွင် မြန်မာနိုင်ငံရှိ ပြည်သူအများအပြားကလည်း တပ်မတော်ဟုခေါ်တွင်သော မြန်မာစစ်တပ်ကိုဆန့်ကျင်သော တိုက်ပွဲကို ဖော်ဆောင်လျက်ရှိသော်လည်း ရိုဟင်ဂျာလူမျိုးများ အနေဖြင့် ယင်းတိုက်ပွဲများတွင်ပါဝင်နိုင်ခြင်းမရှိသေးပေ။
ကျွန်ုပ်တို့အနေဖြင့် ဘင်္ဂလားဒေ့ရှ် ညီအစ်ကိုမောင်နှမများနှင့် အတူတကွ ဤလွတ်လပ်ရေးနေ့ထူး နေ့မြတ်တွင် ညီညွတ်သောဆက်ဆံရေးတစ်ရပ်ဆောက်တည်နိုင်ဖို့ကို မျှော်လင့်ပါသည်။ လွတ်လပ်မှုကို မြတ်နိုးသော မြန်မာနိုင်ငံသားအားလုံးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများပိုမိုအားကောင်းလာဖို့ ကိုလည်း မျှော်လင့်ပါသည်။

Media contact: secretariat@thearna.org



# About ARNO

အာရကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ချုပ် (ARNO) သည် ၁၉၈၈ ခုနှစ်တွင် ရိုဟင်ဂျာပေါင်းစည်းညီညွတ်ရေးနှင့် ရိုဟင်ဂျာလူမျိုးတို့၏ မျှော်လင့်ချက်များနှင့် ရည်မှန်းချက်များအတွက် ရည်ရွယ်ကာ ပေါ်ပေါက်လာ ရခြင်းဖြစ်ပါသည်။

**www.rohingya.org**


For more information, please contact:
Dr. Mohammad Habib Ullah
Email: arno@rohingya.org
info@rohingya.org